# ကြေးမုံ
The Mirror

၁၃၆၈ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်၊ တနင်္ဂနွေနေ့၊ (28-1-2007) (၅၂၁၆)




**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော်စစ်သေနာပတိချုပ် General, Boonsrang Niumpradit အား နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ထိုင်းဘုရင့်တပ်မတော်စစ်သေနာပတိချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂၇

**ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General, Boonsrang Niumpradit ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ဇန်နဝါရီ ၂၆ ရက် ညနေ ၆ နာရီတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။**

## တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ ဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေး ဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်လှိုင်၊ တပ်မတော် စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ် ဗိုလ်ချုပ်ရဲမြင့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်တို့ တက်ရောက်ကြပြီး ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General, Boonsrang Niumpradit ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Suphot Dhirakaosal နှင့် စစ်သံမှူး Colonel, Prissapa Suvanatat တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)



# ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း ရန်ကုန်မြို့တွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ထွက်ခွာသွားသော ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ်နှင့် ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်

**နေပြည်တော် ဇန်နဝါရီ ၂၇**

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၏ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော် နေပြည်တော်၌ ချစ်ကြည်ရေးအလည်အပတ်ခရီးရောက်ရှိနေသော ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General, Boonsrang Niumpradit နှင့် ဇနီး ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ရန်ကုန်မြို့၌ ချစ်ကြည်ရေးခရီး ဆက်လက်လည်ပတ်ရန် ယနေ့ နံနက် ၈ နာရီ ၄၅ မိနစ်တွင် အထူးလေယာဉ်ဖြင့် နေပြည်တော်မှ ရန်ကုန်မြို့သို့ထွက်ခွာသွားသည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ✪

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ရန်ကုန်မြို့တွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ထွက်ခွာသွားသော ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General, Boonsrang Niumpradit အား နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။** (သတင်းစဉ်)

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ The Mirror

၂၈-၁-၂၀၀၇
(တနင်္ဂနွေနေ့)

# ပြည်တွင်းပြည်ပ အဖျက်သမားများအန္တရာယ် အစဉ်သတိပြု ကြည့်ရှုကာကွယ်

ကိုလိုနီ နယ်ချဲ့လက်သစ် နိုင်ငံကြီးတစ်နိုင်ငံက မြန်မာနိုင်ငံအား ယင်း၏သြဇာခံအခြွေအရံ နိုင်ငံဖြစ်ရေးအတွက် နည်းမျိုးစုံဖြင့် ဖန်တီး လုပ်ဆောင်လျက်ရှိသည်။ ၂၀၀၆ ခုနှစ်တွင် မြန်မာနိုင်ငံအရေးကိစ္စအား ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဝင်ရောက်အရေးယူနိုင်ရေးအထိ အားထုတ်ခဲ့ကြသော်လည်း ယင်းတို့၏ လုပ်ကြံစွပ်စွဲထားသော တစ်ဖက်သတ် လုပ်ရပ်မှာ ပျက်ပြယ်သွားခဲ့ပြီဖြစ်သည်။

ယင်းသို့ ကိုလိုနီပုံစံသစ်ဖြင့် ဗိုလ်ကျစိုးမိုးလိုသော နယ်ချဲ့လက်သစ်နိုင်ငံကြီး၏ မမှန်ကန်သောလုပ်ရပ် ရပ်တန့်သွားသော်လည်း မြန်မာနိုင်ငံအတွင်း မတည်ငြိမ်မှုများ၊ ဆူပူအုံကြွမှုများ ဖြစ်ပွားစေရေးအတွက် အကြမ်းဖက်ဖောက်ခွဲမှုများ၊ အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်နိုင်ရန် ပြည်တွင်း၊ ပြည်ပအဖျက်သမားများနှင့် ပူးပေါင်းကြံစည်လျက်ရှိကြောင်း ကြားသိနေရသည်။

အကြမ်းဖက် အဖျက်သမားများက ယခုလ ဒုတိယပတ်အတွင်း၌ စာအိတ်ဗုံးများ ပေးပို့ဖောက်ခွဲခဲ့သည်။ ထို့အပြင် ပြည်ပရှိ သောင်းကျန်းသူ အဖွဲ့အစည်းအချို့ကလည်း အကြမ်းဖက်အဖျက်လုပ်ရပ်များ တိုးမြှင့်လုပ်ဆောင်နိုင်ရေးအတွက် အဖျက်အမှောင့်သမားများအား သိမ်းသွင်းမွေးမြူပြီး ဖောက်ခွဲဖျက်ဆီးရေးအဖွဲ့များအား မြန်မာနိုင်ငံအတွင်းသို့ လမ်းကြောင်းအသီးသီးမှ စေလွှတ်လျက်ရှိကြောင်း ဆက်စပ်သတင်းများ ရရှိခဲ့သည်။

ထို့ကြောင့် ပြည်သူများအနေဖြင့် မိမိတို့နေထိုင်ရာ၊ အသက်မွေးဝမ်းကျောင်းပြုရာ၊ ကူးသန်းရောင်းဝယ်မှုပြုရာ အဝန်းအဝိုင်းအတွင်းသို့ ရောနှောအသွင်ဆောင် ဝင်ရောက်လှုပ်ရှားလာမည့် အကြမ်းဖက်အဖျက်အမှောင့်သမားများအား လုံခြုံရေးသတိဖြင့် အစဉ်စောင့်ကြပ်ကြည့်ရှုဖော်ထုတ်သွားကြရမည်ဖြစ်သည်။ မိမိတို့ရပ်ကွက်၊ ကျေးရွာအတွင်း အဖျက်သမားများဝင်ရောက်ချဉ်းကပ် ခိုအောင်းခြင်း မပြုနိုင်ရန်လည်း သတိပြုလုပ်ဆောင်သွားကြရမည်ဖြစ်သည်။

သို့ဖြစ်၍ ပြည်သူတစ်ရပ်လုံးက မိမိတို့ လူမှုစီးပွားရေး အဝန်းအဝိုင်းအတွင်းသို့ ဝင်ရောက်လာနိုင်သည့် အကြမ်းဖက်သမားများနှင့် ဖောက်ခွဲဖျက်ဆီးရေး အဖျက်အမှောင့်လုပ်ရပ်များကို အချိန်နှင့် တစ်ပြေးညီ ဝိုင်းဝန်းဖော်ထုတ် သတင်းပေးပို့ ဆောင်ရွက်ခြင်းဖြင့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏အန္တရာယ်ကို တွန်းလှန်တားဆီး ဖယ်ရှားသွားနိုင်ကြမည်ဖြစ်ပါသည်။ ။



မန္တလေးတိုင်း မန္တလေးမြို့ ... (caption below)

မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် တည်ဆောက်မည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာတော်သင် မြန်မာရဟန်းတော်များ အဖွဲ့ပိုင် သုံးထပ်ကျောင်းတော်ကြီး ဆောက်လုပ်ရန်အတွက် သဃ်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏနေ မိဘနှစ်ပါးနှင့် အစ်မကြီးဒေါက်တာ ဒေါ်သန်းခင်၊ ခင်ပွန်း ဦးသောင်းတို့အား ရည်စူး၍ ဒေါ်ရင်မေမိသားစုက အလှူငွေကျပ်ငါးသိန်း လှူဒါန်းရာ ကျောင်းအကျိုးဆောင်မဟာသိမ်တော်ကြီး စာချနာယက ဆရာတော် အရှင်ဂန္ထသာရက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်တော်မူစဉ်။ (က-ပ)

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၇

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၂၂ ရက် နံနက် ၈ နာရီတွင် နေပြည်တော်ရှိ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွှန့် တက်ရောက်၍ အမှာစကားပြောကြားသည်။**

ဆက်လက်၍ ပြည်နယ်နှင့် တိုင်းများမှ စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးများက ပြည်နယ်/တိုင်းအတွင်း စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်မှုကို တင်ပြကြသည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအင်ဂျင်နီယာချုပ်များက အင်ဂျင်နီယာလုပ်ငန်းနှင့် ပတ်သက်၍ စစ်ဆေးတွေ့ရှိချက်များ၊ အားသာချက်၊ အားနည်းချက်များကို ဆွေးနွေးကြသည်။





**နယ်စပ်/စည်ပင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွှန့် ၂၀၀၆ ခုနှစ် တတိယလေးလပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။** (သတင်းစဉ်)

### ရှင်းလင်းတင်ပြ

ထို့နောက် ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးတို့က ဌာနအလိုက် ဆောင်ရွက်ခဲ့သော လုပ်ငန်းများ၊ အားနည်းချက်၊ အားသာချက်များ ဖော်ထုတ်သုံးသပ်၍ဆက်လက်ဆောင်ရွက်သည့် လုပ်ငန်း အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

### မှာကြား

ဆက်လက်၍ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေက စည်ပင်သာယာရေး လုပ်ငန်းဆိုင်ရာများမှ အင်ဂျင်နီယာလုပ်ငန်းများကို မှာကြားသည်။

ထို့နောက် ဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ စည်ပင်သာယာရေးဦးစီးဌာနအနေဖြင့် ၂၀၀၆ခုနှစ် ဧပြီလမှ ဒီဇင်ဘာလကုန်အထိ မြို့ပြလမ်း မိုင် ၁၇၀ ကို ကတ္တရာလမ်းနှင့် ကျောက်ချောလမ်းအဖြစ်လည်းကောင်း၊ ကျေးလက်လမ်း ၂၇၅မိုင်ကို ကျောက်လမ်း၊ မြေသားလမ်း မိုင်၂၈၀ကို အဆင့်မြှင့်တင်ဖောက်လုပ်ပေးနိုင်ခဲ့သဖြင့် အဆိုပါကာလအတွင်း ၇၁၅မိုင် အဆင့်မြှင့်တင်ဖောက်လုပ်ပေးခဲ့သည်။ ကျေးလက်ရေ ရရှိရေးအနေဖြင့် စီမံကိန်းစတင်ခဲ့သည့် ၂၀၀၀-၂၀၀၁ ဘဏ္ဍာရေးနှစ်မှ စတင်၍ ၂၀၀၆ ခုနှစ် ဒီဇင်ဘာလကုန်အထိ ကျေးရွာပေါင်း ၁၆၉၅၆ ရွာတွင် ရေရရှိရေးလုပ်ငန်းပေါင်း ၂၄၈၂၂ကို ဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ပထဝီသတင်းအချက်အလက်စနစ် အသုံးပြုပြီး သဘာဝသယံဇာတများ ထိန်းသိမ်းမှုနှင့်စီမံအုပ်ချုပ်မှုသင်တန်းဆင်း

**ရန်ကုန် ဇန်နဝါရီ ၂၇**

သစ်တောရေးရာ ဝန်ကြီးဌာန သစ်တောဦးစီးဌာနနှင့် နီပေါနိုင်ငံ ခတ္တမန္ဒူမြို့တွင် အခြေစိုက်ထားသည့် အပြည်ပြည်ဆိုင်ရာတောင်တန်းဒေသဘက်စုံဖွံ့ဖြိုးရေးဗဟိုဌာန (ICIMOD) တို့ ပူးတွဲကျင်းပသည့် ပထဝီသတင်းအချက်အလက်စနစ် အသုံးပြုပြီး သဘာဝသယံဇာတများ ထိန်းသိမ်းမှုနှင့် စီမံအုပ်ချုပ်မှု သင်တန်းဆင်းပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၉ ရက် မွန်းလွဲ ၂ နာရီတွင် အင်းစိန်မြို့နယ် အနောက်ကြို့ကုန်း ဘုရင့်နောင်လမ်းရှိ သစ်တောဦးစီးဌာန (ရန်ကုန်ရုံးခွဲ) တော်ဝင်ခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

### ပြောကြား

သင်တန်းဆင်းပွဲတွင် ရှေးဦးစွာ ICIMOD တောင်တန်းပတ်ဝန်းကျင်ဒေသနှင့် သဘာဝသယံဇာတများ သတင်းအချက်အလက်စနစ် ဌာနမှ GIS ကျွမ်းကျင်ပညာရှင် Mr. Sushil Pradhanက သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ယင်းနောက် သင်တန်းသားများက GIS နည်းပညာ အသုံးပြုပြီး ဆောင်ရွက်ထားသည့် စီမံကိန်းလုပ်ငန်းများကို အုပ်စုလိုက် ရှင်းလင်းတင်ပြသည်။ ယင်းနောက် သင်တန်းသားတစ်ဦးက သင်တန်းနှင့်ပတ်သက်ပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ထို့နောက် ICIMOD ညွှန်ကြားရေးမှူးချုပ် Dr. Gabriel Campbellက သင်တန်းဆင်း လက်မှတ်ကို သင်တန်းသားများအား ချီးမြှင့်ပေးအပ်ပြီး သင်တန်းဆင်း အမှာစကား ပြောကြားသည်။ ယင်းနောက် သစ်တောတက္ကသိုလ်မှ ဒုတိယ ပါမောက္ခချုပ် ဦးခင်မောင်ဇော်က ICIMOD မှ တာဝန်ရှိ ပုဂ္ဂိုလ်များကို လက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး သင်တန်းဆင်း အမှာစကား ပြောကြားသည်။

အဆိုပါ သင်တန်းကို ဇန်နဝါရီ ၈ ရက်မှ ၁၉ ရက်အထိ ရက်သတ္တနှစ်ပတ်ကြာ သင်ကြားပို့ချခဲ့ပြီး သင်တန်းသား ၂၀ ကျော် တက်ရောက်ခဲ့ကြသည်။

(ကြေးမုံ)

မီး သတိပြု



✪ **ရှေ့ဖုံးမှ**

ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General, Boonsrang Niumpradit နှင့် ဇနီး ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် နေပြည်တော်ဟိုတယ်ဇုန်မှ မော်တော်ယာဉ်များဖြင့် နေပြည်တော်လေဆိပ်သို့ ရောက်ရှိလာကြရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များက ကြိုဆိုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ်အား ချစ်ကြည်ရေးခရီးစဉ် မှတ်တမ်းတင်ဓာတ်ပုံ အယ်လ်ဘမ်ကို လက်ဆောင်အဖြစ်ပေးအပ်သည်။

**ပို့ဆောင်နှုတ်ဆက်**

ထို့နောက် ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော်စစ်သေနာပတိချုပ် General, Boonsrang Niumpradit နှင့် ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ထွက်ခွာသွားကြရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဗိုလ်ချုပ်ရဲမြင့်နှင့် ၎င်းတို့၏ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ တာဝန်ရှိပုဂ္ဂိုလ်များက နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ (သတင်းစဉ်)



**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General, Boonsrang Niumpradit အား ချစ်ကြည်ရေးခရီးစဉ် မှတ်တမ်းတင်ဓာတ်ပုံအယ်လ်ဘမ်ကို လက်ဆောင်အဖြစ် ပေးအပ်စဉ်။** (သတင်းစဉ်)

# ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ်နှင့် ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ

ရန်ကုန် ဇန်နဝါရီ ၂၇

**ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General Boonsrang Niumpradit နှင့် ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယနေ့နံနက် ၉ နာရီ ၃၅ မိနစ်တွင် အထူးလေယာဉ်ဖြင့် နေပြည်တော်မှ ရန်ကုန်မြို့သို့ ရောက်ရှိလာကြသည်။**

ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General, Boonsrang Niumpradit နှင့် ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းနှင့် ဇနီးဒေါ်မာမာဝေ၊ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ ဇနီးများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော်စစ်သေနာပတိချုပ်နှင့် ဇနီး ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သန်းဌေးနှင့် ဇနီး၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Suphot Dhirakaosal နှင့် စစ်သံမှူး Colonel, Prissapa Suvanatat တို့ လိုက်ပါလျက် ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုကြရာ စေတီတော်ဂေါပက အဖွဲ့ဝင်များက ကြိုဆိုကြသည်။

ရှေးဦးစွာ ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော်စစ်သေနာပတိချုပ်နှင့် ဇနီး ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များသည် စေတီတော်ရင်ပြင်ရှိ ဧည့်ခံတန်ဆောင်းမှ စေတီတော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ ဆီမီးနှင့် အမွှေးနံ့သာတိုင်တို့ဖြင့် ဆက်ကပ်လှူဒါန်း ပူဇော်ကြသည်။

ထို့နောက် ဧည့်သည်တော် ထိုင်းနိုင်ငံ ဘုရင့်တပ်မတော်စစ်သေနာပတိချုပ်သည် စေတီတော် ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုး၍ စေတီတော်မြတ်ကြီးအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံကြပြီး ရွှေတိဂုံစေတီတော်ပုံတော်ကို ဓမ္မလက်ဆောင်အဖြစ် ပြန်လည်ပေးအပ်ကြသည်။

ထိုမှတစ်ဆင့် ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ်နှင့် ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General, Boonsrang Niumpradit နှင့် ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး လည်ပတ်ခဲ့ပြီးနောက် နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့မှ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာသွားကြသည်။

ထိုသို့ ပြန်လည်မထွက်ခွာမီ လေဆိပ်ဧည့်ခန်းမ၌ တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းက ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General, Boonsrang Niumpraditအား ချစ်ကြည်ရေး ခရီးစဉ် မှတ်တမ်းဗွီစီဒီခွေကို လက်ဆောင်အဖြစ်ပေးအပ်သည်။

ယင်းနောက် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General, Boonsrang Niumpradit နှင့် ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာသွားကြရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းနှင့် ဇနီး ဒေါ်မာမာဝေ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သန်းဌေးနှင့် ဇနီး၊ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E Mr. Suphot Dhirakaosal ၊ စစ်သံမှူး Colonel, Prissapa Suvanatat နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ (သတင်းစဉ်)



**ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General, Boonsrang Niumpradit နှင့် ဇနီးတို့ ရွှေတိဂုံစေတီတော်မြတ်ကြီးအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)



**ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General, Boonsrang Niumpradit နှင့် ဇနီးတို့အား ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းနှင့် ဇနီးတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြစဉ်။** (သတင်းစဉ်)

## အောင်စကြာ ဆရာတော် တရားပွဲ

**ရန်ကုန် ဇန်နဝါရီ ၂၇**

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် အောင်စကြာတိုက်ကျောင်း ဦးစီးပဓာနနာယက မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တ စန္ဒသူရိယ အောင်စကြာဆရာတော်သည် ဇန်နဝါရီ ၃၁ရက်ညတွင် ဒေါပုံမြို့နယ် သဘော်ကျင်းရပ်ကွက်၊ ဖေဖော်ဝါရီ ၂ ရက်ညတွင် တောင်ဥက္ကလာပမြို့နယ် (၁၀) ရပ်ကွက် (၈)လမ်း ဦးမျိုးဝင်းမြင့်၏ ဓမ္မဒါနမဏ္ဍပ်၊ ၃-၄-၅ ရက်ညများတွင် ဒေါပုံမြို့နယ် ဇေယျာသီရိရပ်ကွက် (၅) လမ်း၊ ၈ ရက်ညတွင် လမ်းမတော်မြို့နယ် (၁၁)ရပ်ကွက် လမ်းသစ်ရိပ်သာ၊ ၉ ရက်ညတွင် လှိုင်သာယာမြို့နယ် မြေတိုင်း (၆/၇) မဟာဗန္ဓုလလမ်း၊ ၁၀ ရက်ညတွင် ရွှေပြည်သာမြို့နယ် (၁၀)ရပ်ကွက် သောကြာဆွမ်းလောင်းအသင်းဓမ္မာရုံရှေ့၊ ၁၂-၁၃ ရက်ညများတွင် ပဲခူးမြို့ ဥသာမြို့သစ်(၂)ရပ်ကွက် ဓမ္မစေတီနန်းဦးကျောင်းလမ်း၊ ၁၄-၁၅-၁၆ ရက် ညများတွင် သာကေတမြို့နယ် ၄/တောင်ရပ်ကွက် မြို့မလမ်းမြောက် သာသနာ့ဝေပုလ္လဓမ္မာရုံ၊ ၁၇ ရက်ညတွင် ကြည့်မြင်တိုင်မြို့နယ် ဈေးကလေးရပ်ကွက် ထီးတန်းအိမ်ရာ၊ ၁၈-၁၉ ရက်ညများတွင် ထန်းတပင်မြို့နယ် ကုန်းတနဲရိကျေးရွာ၊ ၂၀ ရက်ညတွင် စမ်းချောင်းမြို့နယ် ရှမ်းလမ်းဓမ္မာရုံ၊ ၂၁ ရက်ညတွင် ရွှေပြည်သာမြို့နယ် ၃/၃၈ (၁၈)ရပ်ကွက် သမာဓိလမ်းသွယ်၊ ၂၂-၂၃ရက်ညများတွင် ဇလွန်မြို့ မာန်အောင်မြင် ပြည်တော်ပြန် ဘုရားကိုးဆူတန်ဆောင်း၊ ၂၄-၂၅-၂၆ရက်ညများတွင် ကျောင်းကုန်းမြို့နယ် ပန်းတောရိုးရွာ၊ ၂၇ ရက် ညတွင် စမ်းချောင်းမြို့နယ် မုန့်လက်ဆောင်းကုန်းရပ်ကွက် ရန်ကင်း၊ ရန်ရှင်း၊ ရန်ပြိုလမ်းတို့တွင် တရားတော်များ ဟောကြားတော်မူမည်ဖြစ်ပြီး ဆရာတော် ဖုန်း-၀၁-၂၂၄၆၈၁၊ ၀၉-၅၁၁၈၅၃၀တို့သို့ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

**ဇီဝမျိုးကွဲတွေကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့**

# အရှေ့ဥရောပတွင် ဒုံးခွင်းဒုံးစနစ် တည်ဆောက်ရန် အမေရိကန်စီစဉ်နေမှု ယုတ္တိမတန်ဟု ရုရှားဝန်ကြီးဝေဖန်

**နယူးဒေလီ ဇန်နဝါရီ ၂၆**

အမေရိကန်နိုင်ငံသည် ပိုလန်နှင့် ချက်သမ္မတနိုင်ငံတို့တွင် ဒုံးခွင်းဒုံးစနစ် တည်ဆောက်ရန် စီစဉ်နေခြင်းမှာ မည်သည့်ရည်ရွယ်ချက်များရှိသနည်း ဟူ၍ ရုရှားကာကွယ်ရေးဝန်ကြီး ဆာဂေးအီဗန်နော့ဗ်က ဗုဒ္ဓဟူးနေ့တွင် မေးခွန်းထုတ်လိုက်သည်။

ဒုံးခွင်းဒုံးကာကွယ်ရေး အစီအစဉ်သည် အမေရိကန်နှင့် ၎င်း၏ ဥရောပမဟာမိတ်နိုင်ငံများအား ကာကွယ်ပေးနိုင်ရန်ဖြစ်သည်ဟု အမေရိကန်ကာကွယ်ရေး တာဝန်ရှိသူများက ပြောကြားခဲ့ကြသည်။

မြောက်ကိုရီးယား၊ အီရန်နှင့် အခြားနိုင်ငံတစ်နိုင်ငံက ဒုံးလက်နက်ဖြင့် တိုက်ခိုက်မှုမှ ကာကွယ်နိုင်ရန် ဒုံးခွင်းဒုံးစနစ် တည်ဆောက်ရသည်ဟု အမေရိကန်က အကြောင်းပြ ပြောဆိုလျက်ရှိသော်လည်း ယင်းမှာ ယုတ္တိမတန်ကြောင်း၊ အကြောင်းမှာ ယင်းနိုင်ငံများ၏ ဒုံးလက်နက်များသည် ဥရောပဒေသအထိရောက်ရှိအောင် ပစ်ခတ်နိုင်စွမ်းမရှိသောကြောင့် ဖြစ်ကြောင်း အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တော်သို့ရောက်ရှိနေစဉ် အီဗန်နော့ဗ်က သတင်းထောက်များအား ပြောကြားသည်။

မြောက်ကိုရီးယားနှင့် အီရန်နိုင်ငံတို့သည် တိုက်ချင်းပစ်ဒုံးလက်နက်များ ပိုင်ဆိုင်ခြင်းမရှိသကဲ့သို့ ယင်းလက်နက်များ ပိုင်ဆိုင်လာစေရန် ကြိုးပမ်းနေခြင်းလည်းမရှိကြောင်း ၎င်းက ပြောကြားသည်။

အရှေ့ဥရောပနိုင်ငံ နှစ်နိုင်ငံတွင် ဒုံးခွင်းဒုံးလက်နက်များ ဖြန့်ကြက်ရခြင်းမှာ သံသယဖြစ်စရာကောင်းကြောင်း၊ ယင်းဒုံးလက်နက်များသည် မည်သည့်ပစ်မှတ်များကို ချိန်ရွယ်ထားမည်နည်းဟု မိမိတို့က မေးခွန်းထုတ်လိုကြောင်း အီဗန်နော့ဗ်က ပြောကြားသည်။

အမေရိကန်၏ ဒုံးခွင်းဒုံးကာကွယ်ရေးအစီအစဉ်ကို ရုရှားနိုင်ငံက အမြဲတစေကန့်ကွက်ခဲ့သည်။ ***အမ်အင်အေ၊ ရိုက်တာ။***

# သဲနှင့် မြေဆီလွှာ ပြည်ပတင်ပို့မှု အင်ဒိုနီးရှားပိတ်ပင်

**ဂျကာတာ ဇန်နဝါရီ ၂၆**

အင်ဒိုနီးရှားနိုင်ငံသည် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုမှ ကာကွယ်ရန်နှင့် နိုင်ငံ၏ ပင်လယ်ရေကြောင်း နယ်နိမိတ်များ ထိန်းသိမ်းထားနိုင်ရေးအတွက် သဲ၊ မြေဆီနှင့် အပေါ်ယံမြေဆီလွှာများကို ပြည်ပသို့ တင်ပို့မှု တားမြစ်ထားသည့် အမိန့်တစ်ရပ်ကို ဗုဒ္ဓဟူးနေ့က ထုတ်ပြန်လိုက်သည်ဟု သိရသည်။

အဆိုပါ အမိန့်သည် ဖေဖော်ဝါရီ ၆ရက်တွင် စတင်အာဏာသက်ရောက်မည်ဖြစ်ပြီး ယင်းအမိန့်မထွက်မီ အဆိုပါ မြေဆီနှင့် သဲများကို ပြည်ပသို့တင်ပို့သူများအား လိုအပ်သည့် ပြောင်းလဲမှုများ ပြုလုပ်ရန် အချိန်ပေးထားကြောင်း ဂျကာတာပို့စ်သတင်းစာက ရေးသားသည်။

သဲနှင့်မြေဆီလွှာများ ဝယ်လိုအားမြင့်မားလျက်ရှိပြီး ဒေသအများအပြားတွင် တရားမဝင် မြေတူးဖော်မှုများ ပြုလုပ်လျက်ရှိသည်ဟု ကုန်သွယ်ရေးဝန်ကြီးမာရီက ပြောကြားသည်။

အဆိုပါ သဲနှင့်မြေဆီများကို ပြည်ပသို့ တင်ပို့ရောင်းချမှုကြောင့် ကျွန်းငယ်ကလေးများကွယ်ပျောက်သွားနိုင်ပြီး ရေကြောင်းနယ်နိမိတ် ပျက်စီးခဲ့ရကြောင်း၊ ပြည်ပသို့ ရောင်းချရာမှ ရရှိသည့်ငွေကြေးထက်နိုင်ငံ၏သဘာဝပတ်ဝန်းကျင် ပျက်စီးမှုက ပိုမိုလျက်ရှိကြောင်း ၎င်းကဆက်လက် ပြောကြားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***



**တရုတ်နိုင်ငံ အန်ကွင်ဆေးရုံတွင် မွေးဖွားသော ငါးမြွာပူးကလေးငယ်များကို ဇန်နဝါရီ ၂၆ ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ–အင်တာနက်)*

# စီအိုင်အေလျှို့ဝှက်အကျဉ်းစခန်းများကိစ္စ အီးယူနိုင်ငံများစုံစမ်းစစ်ဆေးသင့်

**ဘရပ်ဆယ် ဇန်နဝါရီ ၂၆**

ဥရောပနိုင်ငံတစ်နိုင်ငံထက် မနည်း၌ အမေရိကန် ဗဟိုထောက်လှမ်းရေး အေဂျင်စီ(စီအိုင်အေ)၏ လျှို့ဝှက်အကျဉ်းစခန်း တည်ရှိသည်ဆိုသော စွပ်စွဲချက်များနှင့်ပတ်သက်၍ ဥရောပသမဂ္ဂ(အီးယူ)အစိုးရအဖွဲ့များက စုံစမ်းစစ်ဆေးကာ လူ့အခွင့်အရေးချိုးဖောက်မှုများကို အရေးယူသင့်ကြောင်း ဥရောပပါလီမန်အမတ်များက အင်္ဂါနေ့တွင် ပြောကြားသည်။

ယင်းကိစ္စနှင့်ပတ်သက်သည့် ဥပဒေမူကြမ်းကိုလာမည့်လတွင် ကျင်းပမည့် အီးယူပါလီမန်တွင် မဲပေးဆုံးဖြတ်ခြင်း မပြုမီ ထုတ်ပြန်ကြေညာမည် ဖြစ်သည်။ အဓိကအားဖြင့် ဗြိတိန်၊ ဂျာမနီနှင့် အိုင်ယာလန်နိုင်ငံတို့ အပါအဝင် အီးယူနိုင်ငံအများစုက အကြမ်းဖက်သမားများအဖြစ် သင်္ကာမကင်းခံရသူများကို စီအိုင်အေ၏ လျှို့ဝှက်လေယာဉ်ဖြင့် ပျံသန်းပို့ဆောင်နေမှုများကို သိရှိကြသည်ဟု စွပ်စွဲမှုများ ပေါ်ထွက်ခဲ့သည်။

အကြမ်းဖက်သမားအဖြစ် သင်္ကာမကင်းခံရသည့် အကျဉ်းသားများကို ဥရောပရှိအကျဉ်းစခန်းများတွင်လျှို့ဝှက်ထိန်းသိမ်းထားပြီး ၎င်းအကျဉ်းသမားများကို ဥရောပ အချို့နိုင်ငံများသို့ နှိပ်စက်ညှဉ်းပန်းရန် ပို့ဆောင်သည်ဟူသော စွပ်စွဲချက်ကို ဥရောပပါလီမန်ကော်မတီတစ်ရပ်က စတင်စစ်ဆေးနေပြီဖြစ်သည်။

**အရေးယူ**

အီးယူအစိုးရ အဖွဲ့ ၂၇ဖွဲ့က ယင်းကိစ္စနှင့်ပတ်သက်၍ စတင်ကြားနာမှုများ ပြုလုပ်ကာ လွတ်လပ်သော စုံစမ်းစစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းပြီး လူ့အခွင့်အရေးဆိုင်ရာ ဖောက်ဖျက်မှုရှိပါက အရေးယူသွားရန် အဆိုပါကော်မတီကပြောကြားသည်။

***အမ်အင်အေ၊ ရိုက်တာ။***

# ဂျပန်ပင်လယ်တွင် ကုန်သင်္ဘောမီးလောင်

**ပေကျင်း ဇန်နဝါရီ ၂၆**

ဂျပန်နိုင်ငံ နာဂိုယာမြို့အရှေ့တောင်ဘက်ရေကြောင်းမိုင် ၇၀ အကွာရှိနေရာတွင်ကုန်တင်သင်္ဘောတစ်စင်း မီးလောင်ခဲ့ရာ တရုတ်သင်္ဘောသား ၁၀ ဦးစလုံးကို ဂျပန်ကယ်ဆယ်ရေးသင်္ဘောများက ကယ်တင်ပေးနိုင်ခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်၌ ဖော်ပြထားသည်။

၆၉ မီတာရှည်ပြီး ဖြက် ၁၁ ဒသမ ၆မီတာရှိသည့်အဆိုပါကုန်တင်သင်္ဘောပေါ်တွင် သင်္ဘောသား ၁၀ဦးပါရှိပြီး အသုံးမပြုတော့သော လျှပ်စစ်ကိရိယာများ တင်ဆောင်လာခဲ့သည်။ ယင်းသင်္ဘောသည် အင်္ဂါနေ့ နံနက်က မီးလောင်ခဲ့ကြောင်း၊ သို့ရာတွင် မီးလောင်သည့်အကြောင်းရင်း ဇစ်မြစ်ကို မသိရှိရကြောင်း တရုတ်ပင်လယ်ရေကြောင်း ရှာဖွေရေးနှင့် ကယ်ဆယ်ရေးဌာနက ပြောကြားသည်။

ယင်းဌာနကဂျပန်အာဏာပိုင်များထံ အကူအညီတောင်းခံခဲ့သဖြင့် ဂျပန်အာဏာပိုင်များက ကယ်ဆယ်ရေးသင်္ဘောတစ်စင်း၊ လေယာဉ်တစ်စင်းနှင့် ရဟတ်ယာဉ်နှစ်စင်းတို့ကို စေလွှတ်ပေးခဲ့သည်။

***အမ်အင်အေ၊ ဆင်ဟွာ။***



**ဗြိတိန်နိုင်ငံ ဘရင်ကမ်ဘီအရပ် ကမ်းလွန်ပင်လယ်ပြင်အနီး နစ်မြုပ်သွားသော နာပိုလီ ကုန်သေတ္တာတင် သင်္ဘောမှ ပစ္စည်းများအား သယ်ယူနေသူအချို့ကို ဇန်နဝါရီ ၂၆ ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ–အင်တာနက်)*




# ဆီးကျိတ်ရောင်ရောဂါသည်များ လေ့ကျင့်ခန်းမှန်မှန်လုပ်က ဝေဒနာသက်သာနိုင်

**နယူးယောက် ဇန်နဝါရီ ၂၇**

ဆီးကျိတ်ရောင်ရောဂါ သို့မဟုတ် ဆီးခုံနာရောဂါ ကြာရှည်စွာ ခံစားနေရသူ အမျိုးသားများအနေဖြင့် လေ့ကျင့်ခန်း မှန်မှန်ပြုလုပ်ပါက နာကျင်မှုဝေဒနာကို သိသာစွာ သက်သာရာရစေကြောင်း အီတလီသုတေသီများက ဖော်ပြသည်။

ဆီးကျိတ်ရောင်ဝေဒနာ ကြာရှည်စွာခံစားနေရပါက ထိုဝေဒနာသည် ကုသရခက်ခဲသော ရောဂါဖြစ်သည်။ ထိုဝေဒနာသည် အမျိုးသား သန်းပေါင်းများစွာကို ဒုက္ခပေးလျက်ရှိကြောင်း သာသိရပြီး အဘယ်အကြောင်းကြောင့် ယင်းရောဂါ ဖြစ်ပွားရသည်ကိုမသိရသေးဘဲရှိနေသည်။

ထိုရောဂါသည် များသောအားဖြင့် အသက် ၃၀ မှ ၅၀အတွင်းရှိ အမျိုးသားများတွင် အဖြစ်များပြီး ဆီးမကြာခဏသွားလေ့ရှိခြင်းမှာ ယင်းရောဂါ၏ လက္ခဏာပင်ဖြစ်သည်။ ယခုလေ့လာမှုကို ဖလော့ရင့်မြို့ ကာဂျီ ဆေးရုံမှ ဆရာဝန်ဂင်လူကာဂူ ဘီလီ နှင့် အဖွဲ့က ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

**သက်သာစေနိုင်**

၎င်းတို့၏ တွေ့ရှိချက်ကို ယူရိုလော်ဂျီခေါ် ဆီးနှင့်ကျောက်ကပ်ရောဂါဆိုင်ရာ စာစောင်တွင် ဖော်ပြထားသည်။ ၎င်းတို့၏ အဓိကတွေ့ရှိချက်မှာ နာတာရှည် ဆီးကျိတ်ရောင်ဝေဒနာခံစားရသူများသည် လေ့ကျင့်ခန်း မှန်မှန်လုပ်ပါက ရောဂါဝေဒနာ သက်သာစေနိုင်သည်ဆိုသော အချက်ပင်ဖြစ်သည်။

***အမ်အင်အေ၊ ရိုက်တာ။***



**ဗြိတိန်နိုင်ငံ ချက်စ်တာ တိရစ္ဆာန်ရုံ အတွင်း၌ ဥမှပေါက်ခါစ ကူမိုဒိုနဂါး တစ်ကောင်ကို ဇန်နဝါရီ ၂၃ ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ–အင်တာနက်)*

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ်နှင့် ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် ဇန်နဝါရီ ၂၇

**ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General, Boonsrang Niumpradit နှင့် ဇနီးတို့ ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား ဇန်နဝါရီ ၂၆ ရက် ည ၇ နာရီတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်း ဧည့်ခံသည်။**

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့နှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်များဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် ၎င်းတို့၏ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်းနှင့် ဇနီး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်လှိုင်နှင့် ဇနီး၊ တပ်မတော် စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ် ဗိုလ်ချုပ်ရဲမြင့်နှင့် ဇနီး၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့်ဇနီး၊ တပ်မတော် အရာရှိကြီးများ၊ ထိုင်းနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ စစ်သံမှူး ဗိုလ်မှူးကြီး တင်စိုးနှင့် ၎င်းတို့၏ဇနီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Suphot Dhirakaosal နှင့် စစ်သံမှူး Colonel, Prissapa Suvanatat တို့နှင့် ၎င်းတို့၏ဇနီးများ တက်ရောက်ကြသည်။

ဂုဏ်ပြုညစာစားပွဲ မသုံးဆောင်မီနှင့် ညစာသုံးဆောင်နေစဉ်အတွင်း မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့နှင့် တွဲဖက်၍ အနုပညာရှင်များက တေးသံသာ များဖြင့် ဧည့်ခံဖျော်ဖြေတင်ဆက်ကြသည်။

ဂုဏ်ပြုညစာ သုံးဆောင်အပြီးတွင် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး၊ ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော်စစ်သေနာပတိချုပ် General, Boonsrang Niumpraditနှင့် ဇနီးတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများကို အပြန်အလှန် ပေးအပ်ကြသည်။



ယင်းနောက် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော်စစ်သေနာပတိချုပ် General, Boonsrang Niumpradit က ဧည့်ခံဖျော်ဖြေကြသော အနုပညာရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

(သတင်းစဉ်)

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ် ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General, Boonsrang Niumpraditနှင့် ဇနီးနှင့် အဖွဲ့ဝင်များအား နေပြည် တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ၌ ဂုဏ်ပြု ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။**

(သတင်းစဉ်)

## အင်တာနက် ကျန်းမာရေး သတင်း

### ကိုယ်ဝန်ဆောင်စဉ် ဖောလစ်အက်စစ်ဖြည့်စွက်စာ စားက မွေးရာပါ အာခေါင်ကွဲ၊ နှုတ်ခမ်းကွဲ ဖြစ်ပွားမှုကို ကာကွယ်နိုင်ဟုဆို

**လန်ဒန် ဇန်နဝါရီ ၂၇**

ကိုယ်ဝန်ဆောင်ခါစ အစောပိုင်း ကာလများတွင် မိခင်လောင်းများ အနေဖြင့် ဖောလစ်အက်စစ်ဖြည့်စွက် စာကို စားသုံးထားပါက မွေးဖွားလာ မည့် ရင်သွေးငယ်တွင် အာခေါင်ကွဲ၊ နှုတ်ခမ်းကွဲရောဂါ ဖြစ်ပွားမည့်အလား အလာ ၄၀ ရာခိုင်နှုန်း လျော့ချ ပေးနိုင်ကြောင်း လေ့လာတွေ့ရှိရသည် ဟု ဇန်နဝါရီ ၂၆ရက် တွင် ထွက်ပေါ် လာသော သတင်းများက ဖော်ပြသည်။

သဘာဝအားဖြင့်ဆိုပါက ဖောလစ် အက်စစ်ဓာတ်မှာ အစိမ်းရင့်ရောင် ရှိသော အသီးအရွက်များတွင် ပါဝင် သည်ကိုတွေ့ရသည်။ ထိုဓာတ်သည် ဗီတာမင်ဘီအုပ်စုမှ ဖန်တီးယူထား သော ဓာတ်ပေါင်းအမျိုးအစားလည်း ဖြစ်သည်။



**အာခေါင်ကွဲ၊ နှုတ်ခမ်းကွဲ ကလေးငယ်တစ်ဦးကို မခွဲစိတ်မီနှင့် ခွဲစိတ်အပြီး တွေ့ရစဉ်။** (ဓာတ်ပုံ–အင်တာနက်)

**တိုက်တွန်းလေ့ရှိ**

မွေးဖွားလာမည့် ကလေးငယ်များ၌ အာရုံကြောဆိုင်ရာ ချွတ်ယွင်းမှုပါမလာ စေရန်၊ ကျောရိုးနှစ်ခြမ်းကွဲနေသည့် အားနည်းချက် ပါမလာစေရန်အတွက် နှင့် ကလေးများတွင် အာခေါင်ကွဲ၊ နှုတ်ခမ်းကွဲကလေး များ ဖြစ်မနေစေရန် မိခင်များကို ဆရာဝန်များက ကိုယ်ဝန် ဆောင်စဉ်တွင် ဖောလစ်အက်စစ် သောက်သုံးရန် တိုက်တွန်းလေ့ရှိသည်။

ယင်းဖောလစ်အက်စစ်ဓာတ်သည် ကလေးများ၌ မွေးရာပါ အာခေါင်ကွဲ၊ နှုတ်ခမ်းကွဲရောဂါ ပါမလာအောင် ကာကွယ်ပေးနိုင်သည့် လက္ခဏာ ရှိသည်ကို လေ့လာတွေ့ရှိရသည်ဟု အယ်လင်ဝီလ်ကောက်က ပြောကြား သည်။ ၎င်းသည် မြောက်ကာရိုလိုင်းနား ပြည်နယ် ဒါဟမ်မြို့ရှိ အမျိုးသား သဘာဝဝန်းကျင် ကျန်းမာရေးဌာနမှ ကျွမ်းကျင်သူတစ်ဦးဖြစ်သည်။

အာခေါင်ကွဲ၊ နှုတ်ခမ်းကွဲရောဂါ သည် မိန်းကလေးများထက် ယောကျ်ားကလေးများတွင် ပို၍ အဖြစ်များလေ့ရှိသည့်အပြင် အာရှ တိုက်၌ ပို၍ အတွေ့ရများသည်ဟု ဆိုသည်။

**နော်ဝေနိုင်ငံ**

ယခုလေ့လာချက်ကို နော်ဝေနိုင်ငံ၌ ပြုလုပ်ခဲ့သည်။ အကြောင်းမှာ ဥရောပ ဒေသ၌ အာခေါင်ကွဲ၊ နှုတ်ခမ်းကွဲ ရောဂါ အဖြစ်အများဆုံးနိုင်ငံမှာ နော်ဝေနိုင်ငံ ဖြစ်နေသောကြောင့်ပင် ဖြစ်သည်။ ပညာရှင်များသည် ၎င်းတို့၏ တွေ့ရှိချက်များကို အွန်လိုင်း ဗြိတိသျှ ဆေးပညာဂျာနယ်တွင် ဖော်ပြထားသည်။

**၄၀ ရာခိုင်နှုန်းလျော့ချနိုင်**

ပညာရှင်များသည် ၁၉၉၆ခုနှစ်မှ ၂၀၀၀ပြည့်နှစ်အတွင်း မွေးဖွားလာ သည့် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ကလေး ၅၇၃ ဦး တို့၏ မိခင် များကို တွေ့ဆုံမေးမြန်းလေ့လာမှုများ ပြုလုပ်ခဲ့သည်။ ယင်းလေ့လာချက်မှ ရရှိလာသည့်ကောက်ချက်မှာ ကလေး ကိုယ်ဝန်လွယ်ထားစဉ် မိခင်သည် ဖောလစ်အက်စစ်ဓာတ် ဖြည့်စွက်စာ ကို စားသုံးပါက အာခေါင်ကွဲရောဂါ ဖြစ်ပွားမှုကို ၄၀ ရာခိုင်နှုန်းအထိ လျော့ချနိုင်ကြောင်း သိရှိလာရခြင်း ပင်ဖြစ်သည်။

**အင်တာနက်။**

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၂၈–၁–၂၀၀၇ (တနင်္ဂနွေနေ့)**

| | | | |
|---|---|---|---|
| ၇း၀၀ | MRTV-4 အဖွင့်Logo၊ယနေ့အစီအစဉ် | ၁၀း၀၅ | အဆင်းရောအချင်းပါ ပြည့်စုံတဲ့မြစ်မင်းရောဝတီကို စုန်ဆင်းခြင်းခရီးတစ်ခေါက် |
| ၇း၀၅ | မြတ်ဗုဒ္ဓသရီရပူဇာ တရားတော် (သီတဂူဆရာတော်) (အပိုင်း–၂) | ၁၀း၃၅ | တေးဂီတအစီအစဉ် |
| ၇း၅၀ | ကုံရာသီထမနဲပွဲ | ၁၀း၄၀ | မိသားစုတနင်္ဂနွေ (မြကျွန်းသာ) |
| ၈း၀၀ | တေးဂီတအစီအစဉ် | ၁၀း၅၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၈း၀၅ | Sunday Talk [မျိုးမြတ်သူ၊ ဒေါက်တာဇော်သန်း၊ ကိုကို(စက်မှုတက္ကသိုလ်)] | ၁၁း၀၀ | ကျောက်ဆစ်ထွင်းထု ပုံဖော်ပြုအနုမြတ်ပညာ |
| ၈း၅၅ | တေးဂီတအစီအစဉ် | ၁၁း၁၀ | တေးဂီတအစီအစဉ် |
| ၉း၀၀ | ရေလှိုင်းကြွစီရရီ––– သမိုင်းဝင်စေတီဦးကိုဖူးမြော် လှည့်ပါ(ဆံတော်ရှင်မြတ် မော်တင်စွန်းစေတီတော်) | ၁၁း၁၅ | ရွှင်မြူးသံဖြာကလေးကဗျာ |
| ၉း၁၅ | တေးဂီတအစီအစဉ် | ၁၁း၃၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၂၀ | ပြည်တွင်းသတင်းအကျဉ်း | ၁၁း၄၀ | ရေကြည်မြို့နယ်မှ ကျုံတာမြစ်ကျိုးအင်း |
| ၉း၃၀ | နိုင်ငံတကာအနုပညာရေးရာ | ၁၁း၅၅ | Music Gallery (ချစ်သူ့မျက်နှာ) |
| ၁၀း၀၀ | မိုးလေဝသခန့်မှန်းချက် | ၁၂း၂၀ | နိုင်ငံတကာသတင်းအကျဉ်း |
| | | ၁၂း၃၀ | ထူးခြားဆန်းကြယ်သော တောအုပ်ကလေး |
| | | ၁၂း၅၀ | တေးဂီတအစီအစဉ် |
| | | ၁း၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါ ၆ နာရီစာ အစီအစဉ် များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီ အထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိတစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိတစ်ကြိမ် လေးကြိမ် ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

**FA Cup ဘောလုံးပွဲစဉ်များ**

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၈း၀၀ | ပွဲကြိုသုံးသပ်ချက် | 5-Sports(Live) |
| ၈း၂၅ | Chelsea-Nottingham | 5-Sports(Live) |
| ၁၀း၃၀ | Arsenal-Bolton | 5-Sports(Live) |



## ရင်းရင်းနှီးနှီးနှုတ်ဆက်

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ချစ်ကြည်ရေးခရီးအလည်အပတ် ရောက်ရှိနေသော ထိုင်းနိုင်ငံ ထိုင်းဘုရင့် တပ်မတော်စစ်သေနာပတိချုပ် General Boonsrang Niumpradit အား နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။**

(သတင်း–ရှေ့ဖုံး) (သတင်းစဉ်)

## ပုဒ္ဓမြတ်စွာဘုရား၏ ဒေသနာကျမ်းဂန်တော်လာ ဂီဟိဝိနယဆုံးမစာ အမှတ်စဉ်(၁၁)

## အကျိုးစီးပွားကို ပြောတတ်သော အဆွေခင်ပွန်းစစ်(၄)ယောက်

လောကတွင် သူတစ်ထူး၏ ကောင်းကျိုးကို လိုလားတတ်သော အဆွေခင်ပွန်းကောင်းများ အများအပြားလည်း ရှိနိုင်ပါသည်။ ထိုအထဲတွင် သူတစ်ပါး၏ ကောင်းသောသတင်းနှင့် အကျိုးစီးပွားကိုသာ ရည်ရွယ်ပြောဆိုတတ်သော အဆွေခင်ပွန်းစစ်(၄)ယောက်ကို ထုတ်ဖော်ပြသရပါမူ–

- **မကောင်းသောအမှုကို မပြုမိစေရန် စေတနာဖြင့်တားမြစ်သူ**
- **ကောင်းသောအမှုကိုသာ ပြုလုပ်တတ်စေရန် ကူညီဖေးမ အားပေးတိုက်တွန်းတတ်သူ**
- **မကောင်းသော သတင်းဆိုးများကို ပြောကြားခြင်းမရှိဘဲ ကောင်းသော သတင်းများကိုသာ သူတစ်ပါး ဝမ်းသာအောင် အကြောင်းကြားလာတတ်သူ**
- **ထက်ဘုံနတ်ရွာသို့ သွားမည့် လမ်းကောင်း လမ်းမြတ်ကို ညွှန်ပြတတ်သူ**

ဤ(၄)ဦးသော ပုဂ္ဂိုလ်မျိုးသည် မိမိအတွက် ပေါင်းသင်းအပ်ပေါင်းသင်းထိုက်သော မိတ်ဆွေစစ် မိတ်ဆွေမှန်များ ဖြစ်ပါသည်။

**"မကောင်းမြစ်ထာ၊ ကောင်းရာသွင်းထား၊ မကြားစတောင်း၊ အကြောင်းကြားလာ၊ နတ်ရွာလမ်းပြ၊ ဤလေးဝကား၊ မည်ရအတ္ထက္ခာယီတည်း"**

**(သာသနာရေး)**

## လက်တွဲတုံ့ပြန် ဖြစ်ကြောင်းမှန်

* ကြီးနိုင်ငယ်ညှဉ်း၊ လုပ်ဇာတ်ခင်းကာ
အတင်းစကား၊ သတင်းမှားဖြင့်
လှည့်ဖြားလိမ်ညာ၊ အပြစ်ရှာသည့်
ယုတ်မာဆိုးသွမ်း၊ စရိုက်ကြမ်းက
ရမ်းကားရန်ထောင်လာတော့သည်။

* ရန်ထောင်ရမ်းကား၊ ငမိုက်သားတို့
လှည့်ဖြားရန်လို၊ ပြစ်ဖွဲ့ဆိုလည်း
ဆိုသည့်အပြစ်၊ ပြန်လှန်စစ်သော်
ကောက်ကျစ်ခြင်းသာ၊ ပေါ်လွင်လာ၍
မာယာစုံနှော၊ သူ့အပြောနှင့်
သဘောမမှန်၊ ခလောက်ဆန်သည့်
အကြံပက်စက်၊ သူ့လှည့်ကွက်ကို
ပယ်ဖျက်နိုင်ခဲ့ အောင်လေပြီ။

* သြော် ...
ဒို့များနိုင်ငံ၊ ဒို့မူဟန်ဖြင့်
ဒို့စံဒို့ထုံး၊ ဒို့ကျင့်သုံးကာ
စည်းလုံးအားညီ၊ ဖွံ့ဖြိုးစည်သည့်
ကြည်သာအေးချမ်း၊ ခေတ်မီစွမ်းကို
စိတ်ဝမ်းမရှင်၊ စွဲချက်တင်ပြီး
ဝင်ရောက်စွက်ဖက်၊ သူနှောင့်ယှက်လည်း
လက်တွဲတုံ့ပြန်၊ ဖြစ်ကြောင်းမှန်နှင့်
နိုင်ငံကြီးသား၊ မိတ်ဆွေများက
တရားညီစွာ၊ ရပ်တည်လာ၍
ယုတ်မာလှည့်ဖြား၊ သူ့စကားလျှင်
လွင့်ပါးပျက်ပြယ်ခဲ့လေပြီ။ ။

**ရေနံ့သာမောင်ကျော်ညွန့်**

## မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း အလုပ်အမှုဆောင်များ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၇**

မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း၏ အလုပ်အမှုဆောင်များ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၀၇) ကို ယနေ့နံနက်၉နာရီတွင် မင်္ဂလာဒုံဥယျာဉ်မြို့တော်ရှိ ဇေကမ္ဘာကုမ္ပဏီလီမိတက်၌ ကျင်းပရာ အခမ်းအနားသို့ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့် အလုပ်အမှုဆောင်များ၊ အသင်းဝင်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။



**မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း၏ အလုပ်အမှုဆောင်များ လုပ်ငန်းညှိနှိုင်း အစည်းအဝေး(၁/၂၀၀၇)တွင် မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

အခမ်းအနားတွင် ရှေးဦးစွာ မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက အမှာစကားပြောကြားသည်။ ထို့နောက် အသင်းအထွေထွေ အတွင်းရေးမှူး ဦးရန်ဝင်းက ယခင်အစည်းအဝေးမှတ်တမ်း ဆုံးဖြတ်ချက်များအား အကောင်အထည်ဖော်မှုများ၊ ၂၀၀၆ခုနှစ်အတွက် နှစ်ချုပ်အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းများ၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ ညွှန်ကြားချက်များ၊ မြန်မာ့ဟိုတယ်နှင့် ခရီးသွားလာရေး ဥပဒေလိုင်စင်ဆိုင်ရာ အမိန့်နှင့် လုပ်ထုံးလုပ်နည်းများအား ပြင်ဆင်ရာတွင် အသင်း၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းပြင်ဆင်ရေး၊ နိုင်ငံခြားသားပိုင် ဟိုတယ်များ အသင်းဝင်ရောက်ရေး၊ အာဆီယံနိုင်ငံများ ခရီးသွားလုပ်ငန်းသဘောတူညီချက်အား အကောင်အထည်ဖော်ရေးနှင့် အသင်း၏ Web site ပြုလုပ်ထားခြင်းစသည့် ကိစ္စများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။ ဆက်လက်၍ အသင်း၏ လုပ်ရှားမှုများ သွက်လက်ထက်မြက်ရန် အမှုဆောင်များက တစ်ဦးချင်းအကြံပြုဆွေးနွေးတင်ပြကြပြီး ဇုန်နယ်မြေအလိုက်လည်း ဆွေးနွေးတင်ပြကြသည်။ ထို့နောက် အသင်းဝင် ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။ (သတင်းစဉ်)

## မြို့မ ထမနဲပွဲကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၂၇**

မြို့မကျောင်းသား၊ကျောင်းသူဟောင်းများအသင်း၏ (၁၁)ကြိမ်မြောက် မြို့မ ထမနဲပွဲကို ဇန်နဝါရီ ၃၁ရက် တပို့တွဲ လဆန်း၁၄ရက် ညနေ၅နာရီတွင် မြို့မကျောင်းသား၊ကျောင်းသူဟောင်းများအသင်းတိုက်ရှေ့(မြို့မ)မြက်ခင်းပြင်တွင် ပျော်ပွဲရွှင်ပွဲများနှင့်အတူ ကျင်းပမည်ဖြစ်ရာ အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ မြို့မကျောင်းသား၊ကျောင်းသူဟောင်းတိုင်း အထက(၂) (၃) ဒဂုံကျောင်းသား၊ ကျောင်းသူဟောင်းတိုင်း တက်ရောက်ကြရန်ဖိတ်ကြားထားသည်။

(က–ပ)

**❒ မြန်မာနိုင်ငံမှ**

မူကြီး(၅)ချက်ကိုအခြေခံပြီး ဘက်မလိုက် အခြေခံမူကြီး(၆)ချက် ချမှတ်ကျင့်သုံးကာ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ပေးလျက်ရှိသည်။

ယခုအခါ ကမ္ဘာ့ကုလသမဂ္ဂတွင် နိုင်ငံပေါင်း ၁၉၂နိုင်ငံ ပါဝင်ပြီး ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့တွင် နိုင်ငံပေါင်း ၁၁၈ နိုင်ငံပါဝင်သည်။ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ဝင်နိုင်ငံ ၁၁၇ နိုင်ငံသည် ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများအဖြစ်လည်း ပါဝင်လျက်ရှိသည်။

ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့တွင် မြန်မာနိုင်ငံနှင့်အတူ အိမ်နီးချင်း နိုင်ငံများဖြစ်ကြသော အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်၊ အိမ်နီးချင်းနှင့် ဒေသတွင်း အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်ကြသော လာအို၊ ထိုင်း၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ မလေးရှား၊ စင်ကာပူ၊ အင်ဒိုနီးရှား၊ ဘရူနိုင်းနှင့် ဖိလစ်ပိုင်တို့လည်း ပါဝင်ကြပြီး အိမ်နီးချင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံက လေ့လာသူနိုင်ငံအဖြစ် ပါဝင်သည်။

ထို့ကြောင့် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ခြယ်လှယ်နိုင်ရေးအတွက် လုံခြုံရေးကောင်စီကို ခုတုံးလုပ် အသုံးချရန် ကြိုးပမ်းအားထုတ်လာသော အမေရိကန်နှင့် ဗြိတိန်တို့၏ မူမမှန်သော တစ်ဖက်စောင်းနင်းလုပ်ရပ်ကို ယခုကဲ့သို့ ဗီတို (Double Veto) သုံး၍ ကန့်ကွက်ပယ်ချလိုက်ခြင်းနှင့် ဘက်မလိုက် လှုပ်ရှားမှုအဖွဲ့ဝင် နိုင်ငံအားလုံးက ဆန့်ကျင်ကန့်ကွက်လိုက်ခြင်းသည် ကမ္ဘာ့နိုင်ငံအများစုကြီး၏ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးအား အမြတ်တနိုးတန်ဖိုးထားလေးစားမှုနှင့် ဝိုင်းဝန်းထိန်းသိမ်း ကာကွယ်စောင့်ရှောက်မှုကို အထင်ကရပြဆိုလိုက်ခြင်းပင်ဖြစ်သည်ဟု နိုင်ငံတကာရေးရာ လေ့လာအကဲဖြတ်သူများအတွင်း ဝေဖန်သုံးသပ်နေကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

### ၂၈–၁–၂၀၀၇ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၅** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၀** ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- **၇:၅၅** ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၁၅** ၁၁။ **ဆရာတော်ဦးဃောသိတတရားတော် –အစွန်း(၂)ဖက်သို့မကပ်ပါမှ**
- **၉:၁၅** ၁၂။ အပိတ်နှုတ်ဆက်စကား
- **၉:၁၆** ၁၃။ ပြီးပါပြီ။

**နေ့လယ်ပိုင်း**

- **၁၂:၀၀** ၁။ မြဝတီအဖွင့်
- **၁၂:၀၅** ၂။ အဖွင့်သီချင်း
- **၁၂:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၁၂:၂၀** ၄။ သာယာသီကြွေးခေတ်ဆန်းတေး
- **၁၂:၃၀** ၅။ **မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင်ရှင်သန်နေဆဲ**
- **၁:၅၀** ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၁:၅၅** ၇။ အပိတ်နှုတ်ဆက်စကား
- **၂:၀၀** ၈။ ပြီးပါပြီ။

**ညပိုင်း**

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၄:၂၀** ၄။ လက်စွမ်းပြဟန်ဂီတသံ
- **၄:၃၀** ၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၄:၄၀** ၆။ ချိုမြလက်သံငြိမ့်ညောင်းဟန်
- **၄:၅၀** ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- **၅:၀၀** ၈။ သံစဉ်များနှင့်ကမ္ဘာ
- **၆:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၀။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၁။ မိုးလေဝသသတင်း
- **၆:၂၅** ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၆:၃၀** ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
- **၆:၄၅** ၁၄။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ
- **၇:၀၀** ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း –သံစဉ်မဲ့မေတ္တာ** (အပိုင်း–၂)
- **၈:၀၀** ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၈။ ပဟေဋ္ဌိနန်းတော်
- ၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၀။ **FA CUP** ဘောလုံးပွဲ **Arsenal Vs Bolton (Live)**
- ၂၁။ သင့်အတွက်မနက်ဖြန်
- ၂၂။ အပိတ်နှုတ်ဆက်စကား
- ၂၃။ ပြီးပါပြီ။

# ဓမ္မဒူတသိမ်တော် သိမ်သမုတ်မင်္ဂလာနှင့် အလှူတော်ရေစက်ချ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ကြည်ညို

ရန်ကုန်　　ဇန်နဝါရီ　　၂၇

**ရန်ကုန်တိုင်း မှော်ဘီမြို့နယ် အောက်ဝါးနက်ချောင်းကျေးရွာရှိ ဓမ္မဒူတ ဇေတဝန်တောရ ဆေကိန္ဒာရာမ ကျောင်းတိုက်အတွင်း၌ ယနေ့ နံနက်ပိုင်းတွင် ဓမ္မဒူတသိမ်တော် သိမ်သမုတ်မင်္ဂလာနှင့် သိမ်သမုတ်မင်္ဂလာ အလှူတော်ရေစက်ချ အခမ်းအနားကို ကျင်းပရာ သိမ်သမုတ်မင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ တွဲဖက်ရွှေကျင်သာသနာပိုင် ပဲခူးတိုင်း ပဲခူးမြို့ သီရိမင်္ဂလာ ကြခတ်ဝိုင်းကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တဇောတိပါလနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မကွေးမြို့ မဟာဝိသုတာရာမ တိုက်သစ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရတို့ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး ဓမ္မဒူတသိမ်တော် သိမ်သမုတ်မင်္ဂလာ အလှူတော် ရေစက်ချ မင်္ဂလာ အခမ်းအနားသို့ အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဒေါက်တာနန္ဒမာလာဘိဝံသ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကာ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်၍ ကြည်ညိုသည်။**

ရှေးဦးစွာ ဓမ္မဒူတသိမ်တော် သိမ်သမုတ် မင်္ဂလာအလှူတော် ရေစက်ချ အခမ်းအနားကို နံနက် ၉ နာရီခွဲတွင် အဆိုပါ ကျောင်းတိုက်အတွင်းရှိ ဓမ္မာရုံတော်ကြီး၌ ကျင်းပရာ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ တပ်မတော် အရာရှိကြီးများ၊ သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ) ဒေါက်တာ မြင့်ကြည်နှင့် တာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဒါယကာ၊ ဒါယိကာမများ တက်ရောက်ကြည်ညိုကြသည်။

**သီလခံယူဆောက်တည်**

ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီး အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဒေါက်တာ နန္ဒမာလာ ဘိဝံသထံမှ ဒုတိယ ဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များနှင့် ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော် သံဃာတော်များက မေတ္တာသုတ် ပရိတ်တရားတော်ကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ် ပါမောက္ခချုပ် ဆရာတော်အား ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးမြင့်ဆွေက လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။



**လှူဖွယ်ပစ္စည်းဆက်ကပ်လှူဒါန်း**

**ဓမ္မဒူတသိမ်တော် သိမ်သမုတ်မင်္ဂလာနှင့် သိမ်သမုတ် မင်္ဂလာ အလှူတော် ရေစက်ချ အခမ်းအနားတွင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းစဉ်။** (သတင်းစဉ်)

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် တာဝန်ရှိသူများက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ကာကွယ်ရေးဝန်ကြီး ဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ နှင့် အဖွဲ့ဝင်များနှင့် ပရိသတ်တို့က အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓ သာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် ဆရာတော်ထံမှ ရေစက်ချ အနုမောဒနာ တရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့ အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်း အနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဓမ္မဒူတ သိမ်တော် သိမ်သမုတ်မင်္ဂလာ အခမ်း အနားကို ဆက်လက်ကျင်းပရာ နိုင်ငံတော်ဩဝါဒါစရိယ တွဲဖက် ရွှေကျင်သာသနာပိုင် ပဲခူးတိုင်း ပဲခူးမြို့ သီရိမင်္ဂလာ ကြခတ်ဝိုင်းကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက ဘဒ္ဒန္တဇောတိပါလနှင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မကွေးမြို့ မဟာဝိသုတာရာမ တိုက်သစ် ဆရာတော် အဘိဓဇ မဟာ ရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက ဘဒ္ဒန္တကုမာရတို့ အမှူးပြု တော်မူသော ဆရာတော် သံဃာတော် များက သိမ်သမုတ်မင်္ဂလာ အခမ်း အနားကို ဆောင်ရွက်ပေးတော်မူကြ သည်။ (သတင်းစဉ်)

**သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် အလုံမြို့နယ် မြန်မာ့သစ်လုပ်ငန်း ပြည်ပ ရောင်းဝယ်ရေးနှင့် သစ်စက်ဌာန ကန်(၃)သစ်ဆိပ်ရှိ တင်ဒါရောင်းချမည့် လပ်ပုံများကို ကြည့်ရှုစစ်ဆေးစဉ်။** (သစ်တောရေးရာ)



# ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် သစ်ဆိပ်များ ကြည့်ရှုစစ်ဆေး

**ရန်ကုန်　　ဇန်နဝါရီ　　၂၇**

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် အလုံမြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်း ပြည်ပရောင်းဝယ်ရေးနှင့် သစ်စက်ဌာန ကန်(၃)သစ်ဆိပ်နှင့် ပုဇွန်တောင်မြို့နယ် စက်ဆန်းသစ်ဆိပ်တို့သို့ ရောက်ရှိပြီး အပြည်ပြည်ဆိုင်ရာ တင်ဒါရောင်းချမည့် လပ်ပုံများ အဆင့် အတန်းအစား ခွဲခြားသတ်မှတ်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**အထက(၄) ပုဇွန်တောင် ၁၉၆၇–၁၉၇၇ ကျောင်းသား၊ ကျောင်းသူဟောင်းများက ဇန်နဝါရီ ၇ ရက်တွင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ရွှေသံလွင် ဘိုးဘွားရိပ်သာသို့ ငွေပဒေသာပင် စိုက်ထူခြင်း၊ တစ်နေ့တာ ကျွေးမွေးလှူဒါန်းခြင်းနှင့် ဘိုးဘွားများအား ဆေးကုသခြင်း လုပ်ငန်း ဆောင်ရွက်ကြစဉ်။** (က–ပ)

# နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် လေ့လာရေး သင်တန်းသားများအား ကြိုဆိုနှုတ်ဆက်

နေပြည်တော်　　ဇန်နဝါရီ　　၂၇

**ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့(ဘီအီးဒီ) လေးနှစ်သင်တန်း အမှတ်စဉ်(၃၈) လေ့လာရေးခရီးစဉ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်သည် ဇန်နဝါရီ ၂၄ရက် ညနေ ၅နာရီခွဲတွင် နေပြည်တော်သို့ လေ့လာရေးခရီးရောက်ရှိလာသော ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့(ဘီအီးဒီ) လေးနှစ်သင်တန်း အမှတ်စဉ်(၃၈)မှ သင်တန်းသား၊ သင်တန်းသူများအား နေပြည်တော်ရှိ တည်းခိုရေးစခန်းသို့ သွားရောက်၍ကြိုဆိုနှုတ်ဆက်သည်။**

**ရောက်ရှိ**

လေ့လာရေးအဖွဲ့ဝင် သင်တန်းသား၊ သင်တန်းသူများသည် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ဒုတိယ ပါမောက္ခချုပ်(သင်ကြားရေး) ဦးဌေးလွင်၊ အဖွဲ့ခေါင်းဆောင် ပါမောက္ခ ဒေါ်အေးအေးကြိုင်နှင့် အထောက် အကူပြုအဖွဲ့များ လိုက်ပါလျက် ညနေ ၅နာရီတွင် နေပြည်တော်ရှိ တည်းခိုရေး စခန်းသို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိလာကြသည်။

**ကြိုဆိုနှုတ်ဆက်**

ထို့နောက် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ပညာရေးဘွဲ့(ဘီအီးဒီ) လေးနှစ်သင်တန်း အမှတ်စဉ်(၃၈) လေ့လာရေးခရီးစဉ် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်သည် ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွှန့်နှင့် အဖွဲ့ဝင်များဖြစ်ကြသော ဦးအောင်မြင့်၊ ဦးလှမြင့်ဦး၊ ဦးဝင်းအောင်၊ ဦးစိုးဦး၊ ဦးညီထွန်းနှင့် ဦးကျော်အောင်၊ နေပြည် တော်တိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးကြီး ရန်နိုင်ဦးနှင့် တပ်မတော်အရာရှိကြီး များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အတူ လေ့လာရေး ဦးဆောင်သူများ နှင့် လေ့လာရေး အဖွဲ့ဝင်များအား တစ်ဦးချင်း ရင်းရင်းနှီးနှီး ကြိုဆို နှုတ်ဆက်သည်။ (သတင်းစဉ်)



**နှစ်ဖက်သော မိဘများအား အမှူးထား၍ Power Five Car Accessories & Lubricants Trading Co., Ltd မှ ဦးကင်းဝန်အောင်–ဒေါ်ခင်ခင်သိန်းတို့က လူနာများ အသုံးပြုရန်အတွက် ငွေကျပ်သုံးသိန်းကို အမှတ်(၂) တပ်မတော်ဆေးရုံ (ခုတင်–၅၀၀)သို့ ဇန်နဝါရီ ၂၃ ရက်က လာရောက်လှူဒါန်းရာ ခေတ္တတပ်မှူး ဗိုလ်မှူးကြီးရဲသွေး လက်ခံယူစဉ်။** (က–ပ)

# ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များမှသည် ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး ထုတ်လုပ်ရေးသို့

သိန်းထွန်း

ကမ္ဘာပေါ်တွင် မည်သည့်နိုင်ငံမဆို နိုင်ငံကြီးပွား တိုးတက်ချမ်းသာစေရန် ကြိုးပမ်းကြရာတွင် hi-tect products များ ပြုလုပ်ရောင်းချခြင်း၊ လေယာဉ်၊ သင်္ဘောများ တည်ဆောက်ရောင်းချခြင်း အပါအဝင် heavy industries ခေါ် အကြီးစား စက်မှုလုပ်ငန်းကြီးများမှာ အရေးပါလှသကဲ့သို့ ကျေးလက်ဖွံ့ဖြိုးရေးမှာလည်း မရှိမဖြစ်လိုအပ်သည်ဟု ဆိုကြပါသည်။ Without rural development, no urban development can be brought about. ကျေးလက်ဖွံ့ဖြိုးမှုမရှိဘဲ မြို့ပြဖွံ့ဖြိုးမှုကို ဖော်ဆောင်၍ မရနိုင်ဟု ဆိုထုံးပြုကြပါသည်။ ထို့ကြောင့် ကမ္ဘာ့နိုင်ငံအများအပြားတွင် ယနေ့အခါ ကျေးလက်ဖွံ့ဖြိုးရေးကို အလေးပေးဆောင်ရွက် ကြိုးပမ်းလာကြကြောင်း တွေ့ရပါသည်။

**မြန်မာနိုင်ငံတွင် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ၁၉၈၉ ခုနှစ်မှ စတင်အကောင်အထည်ဖော်ခဲ့ပြီး တစ်ဆက်တည်းမှာပင် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ် ချမှတ်ဖော်ဆောင်ပေးခဲ့သည်။ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းအရ ကျေးလက်ဒေသများ၏ လမ်းပန်းဆက်သွယ်ရေး၊ သန့်ရှင်းသော သောက်သုံးရေရရှိရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတို့နှင့်တကွ ကျေးလက်မီးလင်းရေးနှင့် ကျေးရွာစာကြည့်တိုက် ထူထောင်ရေးတို့ကိုပါ ယှဉ်တွဲမြှင့်တင်ဖော်ဆောင်ပေးလျက် ရှိနေပါသည်။**

ထို့အပြင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး ထုတ်လုပ်ရေးကို စတင် ကြိုးပမ်းဆောင်ရွက်နေပါသည်။

ကျေးလက်ဖွံ့ဖြိုးရေးကို ဖော်ဆောင်ကြရာတွင် ပုံစံတစ်ခုဖြစ်သော ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုးထုတ်လုပ်ရေး OVOP လှုပ်ရှားမှုကို ဂျပန်နိုင်ငံ ဖူကူအိုကာခရိုင် အိုအိတာမြို့တွင် လွန်ခဲ့သော ၂၅ နှစ်က စတင်လုပ်ဆောင်ခဲ့ရာ ဒေသဖွံ့ဖြိုးရေးအတွက် များစွာအထောက်အကူပြုကြောင်း တွေ့ရှိခဲ့ကြရသည်။ ဒေသတစ်ခုစီ၊ ကျေးရွာတစ်ရွာစီက ထုတ်ကုန်အမည်တစ်မျိုးမျိုး၊ သို့မဟုတ် ထုတ်ကုန်အမည်အချို့ကို အထူးပြု ထုတ်လုပ်ကာ ဒေသအမည် brand name ဖြင့် တစ်နိုင်ငံလုံးသို့ဖြစ်စေ၊ ယင်းထက်ပိုမိုကျယ်ပြန့်သော ပြည်ပဈေးကွက်သို့ တင်ပို့နိုင်ရန်ဖြစ်စေ ကြိုးစားကြခြင်းဖြစ်ပေသည်။

ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး ထုတ်လုပ်ရေးလှုပ်ရှားမှုကို ၁၉၇၉ခုနှစ်တွင် စတင်ခဲ့သူမှာ ဒေါက်တာမိုရီဟီကို ဟီရာမတ်စုဖြစ်သည်။ ထိုစဉ်က သူသည် လူဦးရေ ၁ ဒသမ ၂ သန်းရှိသော အိုအိတာမြို့၏ ပြည်နယ်မှူးဖြစ်သည်။ ထိုမြို့၏ စီးပွားရေးအခြေအနေကျဆင်းနေရာမှ ပြန်လည် နာလန်ထူနိုင်ရန် ကျေးရွာတစ်ရွာလျှင် ထုတ်ကုန်တစ်မျိုး အထူးပြုထုတ်လုပ်ရေး အလေးပေးကြိုးပမ်းခဲ့ရာမှ အောင်မြင်မှုရရှိခဲ့ခြင်းဖြစ်သည်။

ဂျပန်နိုင်ငံ အိုအိတာမြို့၏ ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး ထုတ်လုပ်ရေး စီမံချက်အောင်မြင်မှုကို ကမ္ဘာ့နိုင်ငံအများအပြားကပင် အတုယူလုပ်ဆောင်ရာ အောင်မြင်မှုများ ရရှိခဲ့သည်။

ထိုင်းနိုင်ငံ၌ ၂၀၀၁ ခုနှစ် ဖေဖော်ဝါရီလတွင် Village Fund ခေါ် ကျေးလက်ရန်ပုံငွေတစ်ရပ် ထူထောင်ပေးပြီး OVOP ကဲ့သို့သော OTOP ကို စတင်ခဲ့သည်။ OVOP မှာ one village. one product ဖြစ်ပြီး OTOP မှာ one tambon (village-tract), one product ဖြစ်သည်။ လူဦးရေ ၆၃ သန်းရှိသော ထိုင်းနိုင်ငံတွင် ကျေးရွာအုပ်စု ၇၂၅၅ ရှိပြီး ရွာပေါင်း ၇၀၀၀၀ ကျော်ရှိသည်။ ၂၀၀၁ ခုနှစ် ဧပြီလတွင် ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုးထုတ်လုပ်ရေးလှုပ်ရှားမှုကို စတင်ခဲ့သူ ဒေါက်တာ ဟီရာမတ်စုကို ထိုင်းနိုင်ငံသို့ဖိတ်ကြားပြီး ကျေးရွာတစ်ရွာလျှင် ထုတ်ကုန်တစ်မျိုးထုတ်လုပ်ရေး သဘောတရားကို မိတ်ဆက်စေခဲ့သည်။ ၂၀၀၂ခုနှစ် ဇန်နဝါရီလတွင် ထိုင်းနိုင်ငံတွင် OVOP ကဲ့သို့ ကျေးလက်ဖွံ့ဖြိုးရေးလုပ်လိုသဖြင့် ကူညီပါရန် ဂျပန် ဝန်ကြီးချုပ် ကိုအိဇုမိထံ မေတ္တာရပ်ခံခဲ့ရာ ဂျပန်နိုင်ငံ၏အဖွဲ့အစည်းတစ်ခုဖြစ်သော JETRO (Japan External Trade Organization) က လိုအပ်သော အကူအညီများပေးခဲ့သည်။ ၂၀၀၂ခုနှစ် မေလတွင် ဂျပန်ကျွမ်းကျင်သူများ ထိုင်းနိုင်ငံသို့လာ၍ ပြည်နယ် ၂၁ ခုတွင် လေ့လာစူးစမ်းမှုများပြုလုပ်ကာ အလားအလာရှိသော ထုတ်ကုန် ၆၀၀ ခန့်ကို စုဆောင်းရယူလျက် ကုန်ထုတ်လုပ်မှုတိုးတက်ရေး အကြံပြုချက်များပေးကြသည်။ ဆွေးနွေးပွဲများကျင်းပကာ ဂျပန်ဈေးကွက်သို့ တင်ပို့နိုင်ရေး ကူညီကြသည်။ ၂၀၀၂ခုနှစ် စက်တင်ဘာလတွင် တိုကျိုမြို့၌ OTOP ပြပွဲကျင်းပခဲ့သည်။ ယခုအခါ ထိုင်းနိုင်ငံ မြောက်ပိုင်းဒေသများမှာ OTOP ဖြင့် သိသိသာသာ တိုးတက်မှုရရှိလာကြကြောင်း သိရသည်။

မလေးရှားနိုင်ငံတွင် OVOP ကဲ့သို့ OROI(one region,one industry policy) ကို ကျေးလက်ဖွံ့ဖြိုးရေးအတွက် ၁၉၉၂ခုနှစ်တွင် စတင်ခဲ့သည်။ ၂၀၀၃ခုနှစ် အောက်တိုဘာလတွင် OROI ကို အားဖြည့် ဆောင်ရွက်ခဲ့သည်။ စိုက်ပျိုးရေးထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်ရေးအတွက် အသေးစားနှင့် အလတ်စား စက်မှုလက်မှုလုပ်ငန်းများ၊ တောင်သူလယ်သမားများ၊ ယာသမားများ၊ မွေးမြူရေးသမားများကို အထောက်အပံ့များပေးခဲ့သည်။ ကျေးလက်ဖွံ့ဖြိုးရေးနှင့် ကျေးလက်လူထု ဝင်ငွေတိုးစေရေးတို့ကို ရည်မှန်းချက်ထားဆောင်ရွက်ပေးခဲ့သည်။ JETRO ကလည်း လိုအပ်သောအကူအညီများ ပေးခဲ့သည်။ ဂျပန်ဈေးကွက်သို့ ဝင်နိုင်မည့်ပစ္စည်းများနှင့် quality standard များကို ရွေးချယ်ပေးကာ ကူညီခဲ့ကြောင်း သိရသည်။

ကမ္ဘောဒီးယားနိုင်ငံတွင် National OVOP Committee ကို ပြည်ထဲရေး၊ ခရီးသွားလာရေး၊ ဘဏ္ဍာရေး၊ စက်မှု၊ စိုက်ပျိုးရေး၊ သစ်တော၊ ရေလုပ်ငန်း၊ စွမ်းအင်၊ သတ္တုတွင်း၊ ယဉ်ကျေးမှု၊ ကျေးလက်ဖွံ့ဖြိုးရေး၊ အလုပ်သမားစသော ဆက်စပ်နီးနွယ်နေသည့်ဝန်ကြီးဌာနများက အဖွဲ့ဝင်အဖြစ်ပါဝင်ကာ ၂၀၀၆ခုနှစ် ဇန်နဝါရီလ ၂၇ရက်နေ့တွင် ဖွဲ့စည်းပြီး OVOP ကို အကောင်အထည်ဖော်နေကြောင်း သိရသည်။

လာအိုနိုင်ငံတွင်လည်း Chao Laos (Heart of Laos) အမည်ဖြင့် OVOP ကို အကောင်အထည်ဖော်နေပြီဖြစ်သည်။

ဖိလစ်ပိုင်၊ တရုတ်၊ တောင်ကိုရီးယား၊ အင်ဒိုနီးရှားတို့၌လည်း OVOP ကို ဆောင်ရွက်နေကြကြောင်း သိရသည်။ ယခုအခါ ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်တို့သည်လည်း အာရှထုတ်ကုန်တိုးမြှင့်ရေးအဖွဲ့ APO အဖွဲ့သို့ အဖွဲ့ဝင်အဖြစ်ဝင်၍ OVOP နည်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးကို ဆောင်ရွက်နေကြကြောင်း သိရသည်။

## ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုးဆိုသော်လည်း

OVOP ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး ထုတ်လုပ်ရေးဟူ၍ မှတ်ရလွယ်အောင်၊ ခေါ်ဝေါ်၍ကောင်းအောင် ဆောင်ပုဒ်သဖွယ် အမည်ပေးထားသော်လည်း အမှန်မှာလိုအပ်သော အရင်းအမြစ်၊ ကုန်ကြမ်း၊ နည်းပညာ၊ ကျွမ်းကျင်မှု၊ ဘဏ္ဍာရေးတောင့်တင်းမှုနှင့် ဈေးကွက် စသည်တို့ ပြည့်စုံလျှင် ကျေးရွာတစ်ရွာတည်းကပင် ထုတ်ကုန်အမည် အတော်များများကို အထူးပြု အလေးပေး ထုတ်လုပ်နိုင်ကြောင်း လေ့လာသိရှိရပါသည်။

## OVOP ၏ အခြေခံစည်းမျဉ်း Basic Principles

OVOP ၏ အခြေခံစည်းမျဉ်း (၃)ရပ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

- Local yet Global
- Self-Reliance & Creativity
- Human Resource Development တို့ဖြစ်သည်။

Local Yet Global ဆိုသည်မှာ မိမိဒေသရှိ အရင်းအမြစ်၊ ကုန်ကြမ်းပစ္စည်း၊သွင်းအားစု စသည်တို့ကိုအခြေခံ၍ လုပ်ကိုင်ဆောင်ရွက်ရင်း ကမ္ဘာနှင့်ချီ၍ စဉ်းစားဆောင်ရွက်ရမည်ဖြစ်ပါသည်။ မိမိတွင်ရှိသော အရင်းအနှီး၊ သွင်းအားစု၊ သယံဇာတ စသည်တို့ကို အခြေခံစဉ်းစားပြီး ဖွံ့ဖြိုးမှုရရှိအောင် ကြိုးပမ်းဆောင်ရွက်ရင်း တစ်ဖက်မှလည်း ဈေးကွက်ကျယ်ပြန့်နိုင်ရေး ကမ္ဘာနှင့်ချီ၍ စဉ်းစားလုပ်ဆောင်ကြရမည်ဟူ၍ဖြစ်သည်။ တစ်နည်းအားဖြင့် ထုတ်ကုန်ပစ္စည်းများကို ဒေသအတွင်းရှိ ယဉ်ကျေးမှုနည်းပညာတို့ဖြင့် ထုတ်လုပ်ရင်း တစ်ချိန်တည်းမှာပင် နိုင်ငံအဝန်းသို့လည်းကောင်း၊ တစ်ကမ္ဘာလုံးသို့လည်းကောင်း ဈေးကွက်ယှဉ်ပြိုင် ရောင်းချနိုင်စေရန် ကြိုးပမ်းခြင်းဖြစ်ပါသည်။

Self-Reliance & Creativity ဆိုသည်မှာ ကိုယ့်အားကိုယ်ကိုး၍ တီထွင်ဖန်တီးနိုင်မှုစွမ်းအားကို အခြေပြုရမည် ဖြစ်ပါသည်။ လူ၏ တီထွင်ဖန်တီးနိုင်မှု အသိဉာဏ်ကို အလေးထား အားပြုရမည်ဟူ၍ ဆိုလို ပါသည်။ လက်သုံးစကားအားဖြင့် Resources are limited while wisdom is infinite အရင်းအမြစ်များမှာ ကုန်သွားနိုင်သော်လည်း အသိဉာဏ်ပညာ စူးရောက်နိုင်မှုမှာ အဆုံးအစမရှိ ကျယ်ပြန့်လှပါသည်ဟု ဆိုရိုးပြုကြသည်။ ကိုယ့်အားကိုယ်ကိုး စိတ်ဓာတ်နှင့် တစ်ဦးချင်း၏ တီထွင်ဖန်တီးနိုင်မှုစွမ်းအားကို အခြေပြုဆောင်ရွက်ရမည်ဖြစ်ပါသည်။ အိုအိတာမြို့တွင် OVOP စတင်စဉ်က ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုးအနေဖြင့် မည်သည့်ထုတ်ကုန်ထုတ်လုပ်မည်ကို ရွာသူ၊ ရွာသားများကိုယ်တိုင် ဆုံးဖြတ်ကြခြင်းဖြစ်ပြီး ဒေသန္တရအာဏာပိုင်တို့ အနေဖြင့် နည်းပညာအကူအညီနှင့် လိုအပ်သော အကူအညီပေးခြင်း ဖြစ်ပါသည်။

Human Resource Development **လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုသည်မှာ မိမိတို့ကျေးလက်လူထု၏ စွမ်းဆောင်ရည်နှင့် ကျွမ်းကျင်မှုဆိုင်ရာ အရည်အသွေးမြှင့်တင်ပေးရေးပင်ဖြစ်သည်။ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကို အစဉ်အမြဲ မျက်ခြည်ပြတ်မခံဘဲ လေ့ကျင့်သင်တန်းပေးပျိုးထောင်ခြင်း၊ သုတေသနနှင့် နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်ခြင်းဖြစ်ပါသည်။ လူတိုင်း လူတိုင်းကို တီထွင်မှုစိတ်ကူးဉာဏ် အသစ်အဆန်း ပေါ်ပေါက်စေရန် လေ့ကျင့်ပျိုးထောင်ပေးခြင်း၊ ကျွမ်းကျင်မှုတိုးမြှင့်စေရန် သင်ကြားပေးခြင်း ဖြစ်ပါသည်။**

အချုပ်အားဖြင့်ဆိုရသော် OVOP ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး ထုတ်လုပ်ရေးဆိုသည်မှာ မိမိဒေသရှိ အရင်းအမြစ် ကုန်ကြမ်းပစ္စည်း၊ သွင်းအားစုစသည်တို့ကို အခြေခံ၍ လုပ်ကိုင်ဆောင်ရွက်ရင်း ကမ္ဘာနှင့်ချီ၍ စဉ်းစားဆောင်ရွက်ရမည် (think globally, act locally) ဟူ၍ ဖြစ်ပေသည်။

## OVOPmovement အောင်မြင်မှုရရှိရေးအတွက်အဓိက သော့ချက်များ

OVOP movement အောင်မြင်မှုရရှိရေးအတွက် အဓိက သော့ချက်များ key factors မှာ အောက်ပါအတိုင်း ဖြစ်ပေသည်–

**(၁) အသိအမြင်တိုးပွားစေရေးကို အမြဲမပြတ်ဆောင်ရွက်ခြင်း၊**

**(၂) မိမိဒေသအတွင်းရှိ အရင်းအမြစ်များ၊ အားသာချက်များ၊ စသည့် အဖိုးတန်ရတနာများကို သိရှိဖော်ထုတ်ခြင်း၊**

**(၃) ဖွဲ့လုံ့လသည် စွမ်းအား၏ အခြေခံဖြစ်သည်ကို သဘောပေါက်နားလည်ခြင်း၊**

**(၄) ထုတ်ကုန်ကို ကုန်ကြမ်းအဖြစ် ရောင်းချမည့်အစား တန်ဖိုးမြှင့် အချောထည် ပြုလုပ်ရောင်းချခြင်း၊**

**(၅) ဈေးကွက်ရရှိရေးကို ကြိုးပမ်းဆောင်ရွက်ခြင်း၊**

**(၆) လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေခြင်း၊**

ယင်းတို့မှာ အရေးပါးလှသော သော့ချက်များ ဖြစ်ကြပါသည်။

## မြန်မာနိုင်ငံနှင့် OVOP သဘောတရား

မြန်မာနိုင်ငံတွင် ရှေးမြန်မာမင်းများ လက်ထက်ကပင် အိုးရွာ၊ ပန်းပဲရွာ စသည်ဖြင့် တစ်ရွာလုံးက ထုတ်ကုန်တစ်မျိုး၊ နှစ်မျိုးကို နာမည်ရအောင် အထူးပြု ထုတ်လုပ်ခဲ့ကြသည်များ ရှိပေသည်။ ယခုခေတ်တွင်လည်း တစ်ရွာလုံး၊ တစ်မြို့လုံး ထုတ်ကုန်တစ်မျိုး၊ နှစ်မျိုးကို နာမည်ရအောင် အထူးပြုထုတ်လုပ်ကြသည်များ ရှိနေကြပါသည်။ ဥပမာ– ပုသိမ်ထီးလုပ်ငန်း၊ မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ဆေးတံလုပ်ငန်း၊ ပုဂံယွန်းထည်နှင့် ပုန်းရည်ကြီးလုပ်ငန်း၊ အမရပူရ ပိုးထည်လုပ်ငန်း၊ အင်းလေး ငွေထည်လုပ်ငန်း၊ ဘိုကလေးမြို့နယ် ဆားချက်လုပ်ငန်း၊ ပဲခူးမြို့နယ် ဒါးပိန်ရွာ ပန်းပုလုပ်ငန်း၊ မိုးကုတ်ကျောက်မျက်လုပ်ငန်း၊ မန္တလေးမြို့ ကျောက်ဆစ်လုပ်ငန်း၊ စစ်ကိုင်းတိုင်း ကျောက်မြောင်း စဉ့်အိုးလုပ်ငန်း စသည်ဖြင့် ရှိကြပါသည်။ သို့သော် စုစည်းကျစ်လျစ်စွာ ဖွဲ့စည်းထားသော well-organized သဘော မဟုတ်ကြသဖြင့် ထုတ်ကုန်အရည်အသွေး ထိန်းသိမ်းခြင်း၊ ဈေးကွက်ရှာဖွေ တိုးချဲ့ခြင်း၊ ထုတ်ကုန်တိုးမြှင့်ခြင်း စသည်တို့ကို အားပေးမြှင့်တင်လျှင် ပိုမိုအကျိုးဖြစ်ထွန်းလာနိုင်မည် ဖြစ်ပေသည်။

ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး ထုတ်လုပ်ရေးကို အကောင်အထည်ဖော်ရာ၌ အောင်မြင်မှုရရှိရေးတွင် participation of all stake-holders အဓိကအခန်းမှ ပါဝင်သူအားလုံး တက်ညီလက်ညီ ပါဝင်ဆောင်ရွက်ကြရေးမှာလည်း အရေးကြီးလှပါသည်။

**ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးမှသည် ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး ထုတ်လုပ်ရေးသို့ ဦးတည်ကြိုးပမ်းဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အာဏာပိုင်များ၊ ဗဟိုသမဝါယမအသင်းနှင့် အဆင့်ဆင့်သော သမဝါယမအသင်းစုများ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်၊ SMEs အသေးစားနှင့် အလတ်စား စက်မှုလက်မှုလုပ်ငန်းရှင်များစသဖြင့် ပါဝင်ပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်ပါသည်။**

သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ ရုပ်မြင်သံကြားတို့ကလည်း ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး ထုတ်လုပ်ရေးဆိုင်ရာ ပညာပေး ရေးသားထုတ်လွှင့်မှုများ၊ ကျေးရွာတစ်ရွာလျှင်ထုတ်ကုန်တစ်မျိုးထုတ်လုပ်ရေးဆိုင်ရာသတင်းများအတွက် media cover များ လုပ်ပေးကြရပါမည်။ ဤသို့ဖြင့် ပြည်သူများ ကျယ်ပြန့်စွာသိရှိစိတ်ဝင်စားလာကာ ကျေးရွာတစ်ရွာလျှင် ထုတ်ကုန်တစ်မျိုး ထုတ်လုပ်ရေးနှင့်စပ်လျဉ်းပြီး အောင်မြင်မှုများရရှိလာမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ သဘာဝသယံဇာတ အခြေအနေအရ လယ်ယာ၊ သားငါး၊ စက်မှု၊ သစ်တောစသည်ဖြင့် အလားအလာကောင်းသည့် ရင်းနှီးမြှုပ်နှံမှုနယ်ပယ်များစွာ ရှိနေပါသည်။ ယင်းစီးပွားရေးနယ်ပယ်များ၌ ပုဂ္ဂလိကများက ဆက်လက်၍ တိုးချဲ့ရင်းနှီးမြှုပ်နှံလျက်ရှိကြပါသည်။ ယင်းစီးပွားရေးကဏ္ဍများ၌ ပုဂ္ဂလိကကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာပြီး အခြေခံကုန်ကြမ်းပစ္စည်းများသာမက တန်ဖိုးမြှင့်တင်ထားသော ကုန်ချောပစ္စည်းများ၊ အမည်သစ်ပို့ကုန်များ တိုးချဲ့ထုတ်လုပ်နိုင်သည်နှင့်အမျှ ကုန်သွယ်မှုလုပ်ငန်းသည်လည်း ပိုမိုဖွံ့ဖြိုး ကျယ်ပြန့်လာမည်ဖြစ်ပါသည်။ ကုန်သွယ်မှု ဖွံ့ဖြိုးလာသည်နှင့်အညီ ကုန်ထုတ်လုပ်မှုကဏ္ဍလည်း ထပ်ဆင့် တိုးတက်လာမည် ဖြစ်ပါသည်။ ကုန်ထုတ်လုပ်မှုကဏ္ဍနှင့် ကုန်သွယ်မှုကဏ္ဍတို့သည် အပြန်အလှန်ဆက်စပ် အကျိုးပြုနေပါသည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရက ကုန်ထုတ်လုပ်မှုများကို အလေးထား အားပေးလျက်ရှိသည့်နည်းတူ ကုန်သွယ်မှုလုပ်ငန်း ဖွံ့ဖြိုးလာအောင်လည်း အခွင့်အလမ်းကောင်းများ ဖန်တီးပေးလျက်ရှိပါသည်။

အချို့နိုင်ငံများ၏ အခြေအနေကိုကြည့်လျှင် ကုန်ထုတ်လုပ်ငန်းများ ထူထောင်လုပ်ကိုင်ရန် သယံဇာတမရှိသဖြင့် ကုန်သွယ်မှုလုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းကိုသာ အထူးပြုလျက် ကြီးပွားချမ်းသာလျက်ရှိသည့် နိုင်ငံများရှိနေသည်ကို တွေ့မြင်ရမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ရေမြေအခြေအနေမှာ ကုန်ထုတ်လုပ်ငန်းရော ဝန်ဆောင်မှုလုပ်ငန်းနှင့် ကုန်သွယ်မှုလုပ်ငန်းတို့ပါ လုပ်ကိုင်နိုင်သည့် အခြေအနေကောင်းများ ရှိနေပါသည်။ နိုင်ငံတော်၏ ပထဝီနိုင်ငံရေး အနေအထားအရ အာဆီယံနိုင်ငံများနှင့် ဘင်းမ်စတက်နိုင်ငံများအကြား အချက်အချာ နေရာတွင်တည်ရှိပြီး စီးပွားရေး ပေါင်းကူးသဖွယ် လုပ်ကိုင်နိုင်ပါသည်။ လူဦးရေများပြားပြီး ဈေးကွက်ကြီးမားသည့် နိုင်ငံများအကြား၌လည်း တည်ရှိနေပါသည်။

ထို့ကြောင့် တိုင်းရင်းသားလုပ်ငန်းရှင်များ အနေဖြင့်လည်းကောင်း၊ ကျေးလက်ဒေသအလိုက်လည်းကောင်း မိမိအားသန်ရာ စိတ်ဝင်စားရာ လုပ်ငန်းများကို ရွေးချယ်လုပ်ကိုင်နိုင်သည့် အခြေခံကောင်းများ၊ အခွင့်အလမ်းကောင်းများ ရှိပြီးဖြစ်သကဲ့သို့ သက်ဆိုင်ရာ ဝန်ကြီးဌာနများကလည်း ကူညီစောင့်ရှောက်အားပေးလျက် ရှိနေပါသည်။

**သို့ဖြစ်ရာ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုးထုတ်လုပ်ရေး အစီအစဉ်များဖြင့် နိုင်ငံ၏ ကုန်ထုတ်လုပ်မှုနှင့် ကုန်သွယ်မှုလုပ်ငန်းများ ပိုမိုအားပြည့်ဖွံ့ဖြိုးအောင် ဆောင်ရွက်နိုင်သည်နှင့်အမျှ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး၊ ကျေးလက်နေပြည်သူများ တစ်ဦးချင်း ဝင်ငွေတိုးစေရေး၊ နိုင်ငံ့စီးပွား တိုးတက်ရေးတို့အတွက် များစွာအကျိုးသက်ရောက် အထောက်အကူ ပြုနိုင်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပေသည်။ ။**





# မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း အင်းစိန်လမ်းမကြီး ကတ္တရာခင်းကျင်းမှု ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၂၇

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးအောင်သန်းဝင်း၊ အင်ဂျင်နီယာဌာန လမ်းနှင့်တံတားဌာနမှူး ဦးဗိုလ်ငွေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှူး ဦးလင်းထွန်းမြင့်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့တော်သန့်ရှင်းသပ်ရပ်ရေး၊ ရေစီးရေလာကောင်းမွန်စေရေး၊ ယာဉ်သွားလာမှု လွယ်ကူချောမွေ့စေရေးနှင့် မြို့တော်အဆင့်မြင့်ရေးဆိုင်ရာလုပ်ငန်းများကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ဆောင်ရွက်နေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။**

ယင်းသို့ ကြည့်ရှုစစ်ဆေးရာတွင် မြို့တော်ဝန်သည် ရှေးဦးစွာ နံနက် ၆နာရီ ၄၅မိနစ်တွင် ရန်ကုန် အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ် ရေတာရှည်လမ်းဟောင်းသို့ရောက်ရှိရာ အင်ဂျင်နီယာဌာန လမ်းနှင့်တံတား ဝန်ထမ်းများက မိုးရာသီတွင် ရေတာရှည်လမ်းဟောင်းအပေါ် ရေမတင်ရှိစေရေး၊ ရေစီးရေလာ ကောင်းမွန်စေရေးအတွက် လမ်းဘေး ဝဲ/ယာ ရေနုတ်နှစ်ထပ်မြောင်းဟောင်း ပေါ်သည်အထိ တူးဖော် ရှင်းလင်းဆောင်ရွက်နေမှု အခြေအနေကိုလည်းကောင်း၊ ကြည့်မြင်တိုင်မြို့နယ်တွင် ကမ်းနားလမ်းတစ်လျှောက် ဗာဒံပင်လမ်းနှင့် ဟုမ်းလမ်းအကြား ရေစီးရေလာ ကောင်းမွန်စေရန် ဝဲ/ယာ ရေနုတ်မြောင်းများအတွင်းမှ အမှိုက်များ၊ သဲနှင့်ခဲများ ရှင်းလင်းဆယ်ယူနေမှု အခြေအနေကိုလည်းကောင်း၊ ကမ်းနားလမ်း မြေအောက်အရှည်ပေ ၇၀ ခန့်ရှိ မြစ်ထွက်ပေါက်အား အောက်ခြေပေါ်လာသည်အထိ ရှင်းလင်းပြီးစီးနေမှုကို လည်းကောင်း၊ လှိုင်မြို့နယ်တွင် ရန်ကုန်အင်းစိန် လမ်းမကြီးကို ပါရမီလမ်းဆုံအနီး၌ စက်ယန္တရားကြီးများဖြင့် ခြောက်လမ်းသွား ကတ္တရာကွန်ကရစ်ထပ်ပိုး ခင်းကျင်းနေမှုကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာလုပ်ငန်းတာဝန်ရှိသူများ၏ တင်ပြချက်အပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ (၁၉)

## ကြည့်ရှုစစ်ဆေး

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း ခြောက်လမ်းသွား အင်းစိန်လမ်းမကြီးအား စက်ယန္တရားကြီးများဖြင့် ကတ္တရာကွန်ကရစ် ထပ်ပိုးလွှာခင်းကျင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။** (၁၉)

# ညောင်ဦးမြို့ ရွှေစည်းခုံဘုရား ရွှေသင်္ကန်းအတွက်လှူဒါန်းနိုင်

ရန်ကုန် ဇန်နဝါရီ ၂၇

မန္တလေးတိုင်း ညောင်ဦးမြို့ သမိုင်းဝင် ရွှေစည်းခုံဘုရား လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူရန် ရွှေစည်းခုံဘုရားဂေါပကအဖွဲ့က ငွေကျပ်သိန်း ၂၀၀၀ ကျော် အကုန်အကျခံကာ စတင်ဆောင်ရွက်လျက်ရှိရာ ကြေးဂူတိုက်များနှင့် ကြာသွပ်အိုးများကို ရွှေသင်္ကန်းကပ်လှူပြီးစီးသွားပြီဖြစ်ရာ ကြာကန်ကြီး၊ ကြေးဝိုင်း၊ ရှစ်မျှောင့်ချိုး၊ ပစ္စယံသုံးဆင့်တို့ကို ရွှေသင်္ကန်းကပ်လှူရန် အလှူငွေများ လိုအပ်နေပါ၍ ယခုအခါ ညောင်ဦးနှင့် ရန်ကုန်အလှူခံဌာနတို့မှ ရရှိငွေကျပ်သိန်း ၅၂၀ ကျော်ဖြင့် စေတီတော်ကြီး ငှက်ပျောဖူးမှ ဖိနပ်တော်အထိ မျက်ပါးရွှေအစစ်ကပ်လှူရန် စီစဉ်နေသဖြင့် လှူဒါန်းလိုသူများသည် မျက်ပါးရွှေတစ်ဆိုင်းလျှင် ငွေကျပ် ၂၂၀၀၀၊ ၁၂ လက်မပတ်လည်ရွှေချပြီး တစ်ချပ်လျှင် ငွေကျပ် ၁၀၀၀၀ နှင့် ကိုးလက်မပတ်လည်ရွှေချပြီး တစ်ချပ်လျှင် ငွေကျပ် ၇၀၀၀ တို့ဖြင့် အတွင်းရေးမှူး ညောင်ဦးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဖုန်း–၀၆၁–၆၀၂၆၁၊ ဥက္ကဋ္ဌ ရွှေစည်းခုံဘုရားဂေါပကအဖွဲ့ ညောင်ဦးမြို့ ဖုန်း–၀၆၁–၆၀၈၂၅၊ ဦးစိုးဝင်း(စဥ့်ကူစိုးဝင်း) စုပေါင်းရုံးဝင်း အင်းစိန်မြို့နယ် ဖုန်း–၀၁–၆၄၂၈၅၈၊ ၆၄၀၄၈၇ နှင့် ၆၄၀၄၈၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ရေကြောင်းပညာသိပ္ပံ ကျောင်းအုပ်ကြီး ဦးဝင်းသိမ်းနှင့် ဇနီး ဒေါ်လှလှဝင်း မိသားစု၊ ဆရာ၊ ဆရာမများ၊ အရာရှိလောင်းများ၊ သင်တန်းသားများနှင့် ဝန်ထမ်းမိသားစုက ငွေကျပ် ၂၀၀၀၀၀၀ ကို ဆရာတော်အရှင်ရာဇိန္ဒ(ရဝေနွယ်–အင်းမ)ရှေ့မှောက်၌ ဥက္ကဋ္ဌ ဦးရှိန်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

## သွေးဆေးကန် ဆရာတော် တရားပွဲများ

ရန်ကုန် ဇန်နဝါရီ ၂၇

ရန်ကုန်မြို့ သွေးဆေးကန်တိုက် မဏိရတနာ မိုးကုတ်ကျောင်းမှ အဖွဲ့ချုပ်ကြီး၏ ကမ္မဋ္ဌာနာစရိယ သွေးဆေးကန်ဆရာတော် ဘဒ္ဒန္တ တေဇိန္ဒ (B.Sc Phy:) သည် ဇန်နဝါရီ ၃၀ ရက်မှ ဖေဖော်ဝါရီ ၅ ရက်အထိ ပုဂံမြို့ အဖွဲ့ခွဲ အမှတ်(၃၈၅)၌လည်းကောင်း၊ ဖေဖော်ဝါရီ ၈ ရက်မှ ၁၄ ရက်အထိ ညောင်ခြေထောက် ဥသျှစ်ပင်မြို့၌ လည်းကောင်း၊ ၁၆ ရက်မှ ၂၂ ရက်အထိ ဇရပ်လှ ဥသျှစ်ပင်မြို့၌လည်းကောင်း၊ ၂၅ ရက်မှ မတ် ၃ ရက်အထိ အဖွဲ့ခွဲအမှတ်(၃၃၅) သရက်ငူ ပန်းတနော်မြို့၌လည်းကောင်း၊ မတ် ၅ရက်မှ ၁၄ ရက်အထိ အဖွဲ့ချုပ်၌လည်းကောင်း၊ ၁၃ ရက်မှ ၁၉ ရက်အထိ အဖွဲ့ခွဲအမှတ်(၁၆၇) ကန်းနီ ပဲခူးတိုင်း၌ လည်းကောင်း ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များကို ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က–ပ)



**မြို့မသက်ကြီးရန်ပုံငွေလှူဒါန်းပွဲကို ဇန်နဝါရီ ၂၇ရက်က အမှတ်(၆၆၁) ပြည်လမ်း (၅)မိုင်ခွဲတွင် ကျင်းပရာ မြို့မအမျိုးသားကျောင်း ဆရာမကြီးဟောင်း ဒေါ်ခင်သွယ်အေးနှင့် ခင်ပွန်း ဦးထွန်းလွင်နှင့် သား ဒေါက်တာမျိုးမြတ်လွင်–မရီရီအောင်၊ မြေး–ထွန်းအေးလွင်တို့က ငွေကျပ်တစ်သိန်းကို မြို့မကျောင်းသား၊ ကျောင်းသူဟောင်းအသင်း ဘဏ္ဍာရေးမှူး(၁) ဦးညွန့်မြိုင်နှင့် ဘဏ္ဍာရေးမှူး(၂) ဒေါ်နီနီတင်တို့ထံ ပေးအပ်လှူဒါန်းစဉ်။** (ကြေးမုံ)

# Science fair 2007 ပြပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၇

ကျောင်းသား၊ ကျောင်းသူများ သိပ္ပံပညာနှင့် ပတ်သက်၍ စဉ်းစားတွေးခေါ်မှု ရင့်သန်စေရန် ရည်ရွယ်၍ ILBC Science fair 2007 ပြပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ တာမွေမြို့နယ် လေးထောင့်ကန်လမ်းရှိ ILBCအားကစားရုံ၌ ကျင်းပသည်။

အဆိုပါပြပွဲသို့ ILBC အုပ်ချုပ်မှုဒါရိုက်တာ ဦးတင်မောင်ဝင်း၊ ILBC ကျောင်းအုပ်ဆရာကြီး ဦးလေးမောင်နှင့် ဆရာ၊ ဆရာမများ၊ ILBC ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အဆိုပါ ILBC Science Fair 2007 ပြပွဲတွင် Wind Turbine ၊ Paddle Power Electric Generator ၊ Electric Vehicle ၊ Amphibious Vehicle တို့ကို ပြသထားသည်။

အလားတူ နှစ်ယောက်စီး လျှပ်စစ်ကားကို ပြသထားရာ ယင်းလျှပ်စစ်ကားမှာ ဘက်ထရီလေးလုံးမှ ရှစ်လုံးအထိ အသုံးပြုရပြီး တစ်ခါအားသွင်းလျှင် ကီလိုမီတာ ၆၀ အထိ မရပ်မနားသွားနိုင်ကာ ပုံမှန်အိမ်သုံးအတွက် အားသွင်းချိန် ၈ နာရီလျှင် ၄ နာရီခန့် အသုံးပြုနိုင်ကြောင်း သိရသည်။

အဆိုပါစက်ပစ္စည်းများကို ILBC သိပ္ပံဌာနနှင့် ရူပဗေဒဌာနတို့မှ ဆရာ၊ ဆရာမများ၊ သင်္ချာဌာနမှ ဆရာ၊ ဆရာမများ၊ အထက်တန်းကျောင်းသား၊ ကျောင်းသူများ ပူးပေါင်း၍ ပြည်တွင်း၌ ဝယ်ယူရရှိနိုင်သော ပစ္စည်းအများစုဖြင့် စုစည်းတည်ဆောက်ထားခြင်းဖြစ်သည်။ အဆိုပါစက်ပစ္စည်းများကို အထက်တန်း ကျောင်းသားများ သိပ္ပံလက်တွေ့ပစ္စည်း တည်ဆောက်မှုလုပ်ငန်းအဖြစ် ၁၉၉၇ခုနှစ်မှ စတင်၍ လုပ်ဆောင်ခဲ့ရာ ယခု ၂၀၀၇ခုနှစ် စာသင်နှစ်၏ သိပ္ပံပြပွဲတွင် ကျောင်းသားလူငယ်များ မြင်တွေ့ လေ့လာနိုင်ရန် စီစဉ်ပြသခြင်းဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

**ILBC Science fair 2007 ပြပွဲတွင်ပြသထားသော နှစ်ယောက်စီး လျှပ်စစ်ကားကို တွေ့ရစဉ်။** (သတင်းစဉ်)



## ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၂၇

၂၀၀၂ခုနှစ် အပထအောင် မော်လမြိုင်တက္ကသိုလ် ဘူမိဗေဒ ကျောင်းသား၊ ကျောင်းသူဟောင်းများက ကြီးမှူး၍ ဘူမိဗေဒမိသားစုများ၏ ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲကို ဇန်နဝါရီ ၃၀ ရက် နံနက် ၁၀ နာရီ၌ မော်လမြိုင်တက္ကသိုလ် ဓမ္မာရုံတွင် ကျင်းပမည်။

မြတ်ဆရာပူဇော်ပွဲ ကျင်းပရေးအဖွဲ့က ၂၀၀၂ ခုနှစ်မှစ၍ ပညာသင်နှစ်တစ်လျှောက်လုံး ပညာရည်တိုက်ကျွေးပြီး ပဲ့ပြင်ဆုံးမ နည်းလမ်းပြခဲ့ကြသည့် (ဘူမိဗေဒ) ဆရာ၊ ဆရာမ ၂၀ တို့အား ပူဇော်ကန်တော့ကြမည်ဖြစ်သည်။

ဘူမိဗေဒဘာသာရပ်များ (တာဝန်ယူ) သင်ကြားပို့ချလျက်ရှိသည့် ဆရာ၊ ဆရာမများနှင့် ကန်တော့ခံ ဆရာ၊ ဆရာမ ၂၀ တို့အတွက် ပူဇော်ကန်တော့လိုသူများ (ကိုယ်တိုင်)နှင့် (၂၀၀၂ ခုနှစ် အ–ပ–ထအောင်) ရပ်ဝေးရောက် ကျောင်းသား၊ ကျောင်းသူဟောင်းများ၊ တက်ရောက်သင်ကြားဆဲ ကျောင်းသား၊ ကျောင်းသူဟောင်းများ ဆက်သွယ်လှူဒါန်း ပူဇော်ကန်တော့နိုင်ရေးအတွက် မောင်အောင်မင်းစိုး ဖုန်း–၀၅၇–၂၂၈၁၁၊ မောင်မျိုးအောင် ဖုန်း–၀၅၇–၂၅၂၅၈၊ မမြင့်မြင့်စန်း ဖုန်း–၀၅၈–၇၁၁၁၂ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်သည်။ (က–ပ)

# မြောင်းမြ၊ လမ်းမတော်၊ မော်လမြိုင်နှင့် ပဲခူးမြို့နယ်များ၌ ပေါ့ဆမီးနှင့် မီးကြွင်းမီးကျန်တို့မှ မီးလောင်မှုများဖြစ်ပွား

ရန်ကုန် ဇန်နဝါရီ ၂၇

ဇန်နဝါရီ ၂၃ ရက် နံနက် ၄ နာရီခွဲခန့်တွင် ဧရာဝတီတိုင်း မြောင်းမြမြို့နယ် ဘုရားချောင်းကျေးရွာအုပ်စု မြကန်သာကျေးရွာနေ ဦးညီညီတင်(ပန်ကာလုပ်ငန်း)အိမ်၌ ဖယောင်းတိုင်မီးထွန်းရာမှ မီးလောင်မှုဖြစ်ပွားခဲ့သည်။ မီးလောင်မှုကြောင့် အိမ်တစ်ခြမ်းကျော် မီးလောင်ခံရ၍ ငွေကျပ် ၅၀၀၀၀ ဖိုးခန့် ဆုံးရှုံးခဲ့သည်။

ထိုနေ့ညနေ ၆ နာရီခန့်တွင် ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် (၂)ရပ်ကွက် ဝါးတန်းလမ်း အမှတ်(၄၀) ရှစ်ထပ်တိုက်ခြောက်လွှာနေ အိမ်ငှား ဒေါ်စမ်းစမ်းရီ၏အိမ်၌ ဖယောင်းတိုင်ဖြင့် ဘုရားမီးပူဇော်ထားရာမှ မီးလောင်မှုဖြစ်ပွားခဲ့သည်။ မီးလောင်မှုကြောင့် တီဗွီအပေါ်စက်၊ အောက်စက်နှင့် အတွင်းပစ္စည်းများ မီးလောင်ခံရပြီး ငွေကျပ် ၈၅၀၀၀၀ ဖိုးခန့် ဆုံးရှုံးခဲ့သည်။

ယင်းနေ့ နံနက် ၅ နာရီ ၄၅မိနစ်ခန့်တွင် မွန်ပြည်နယ် မော်လမြိုင်မြို့နယ် မီးသတ်စခန်းနှင့် ခုနစ်မိုင်ကွာဝေးသော သံဖြူဇရပ်မြို့နယ် ပငကျေးရွာနေ ဦးအောင်စိန်၏အိမ်တွင် ဖယောင်းတိုင်ဖြင့် ဘုရားမီးပူဇော်ထားရာမှ မီးလောင်မှုဖြစ်ပွားခဲ့သည်။ မီးလောင်မှုကြောင့် အိမ်တစ်လုံးမီးလောင်ခံရပြီး ငွေကျပ် ၁၄၀၀၀၀ ဖိုးခန့် ဆုံးရှုံးခဲ့သည်။

ဇန်နဝါရီ ၂၄ရက် မွန်းလွဲ ၁ နာရီခန့်တွင် ဧရာဝတီတိုင်း မြောင်းမြမီးသတ်စခန်းမှ ရေမိုင် ၂၀ ဝေးကွာသော လပွတ္တာမြို့နယ် လွှစာကျေးရွာနေ ဦးကြည်အေး၏အိမ် မီးကြွင်းမီးကျန်မှ မီးလောင်မှုဖြစ်ပွားခဲ့သည်။ မီးလောင်မှုကြောင့် တံငါတဲ ၅၈ လုံး၊ စာသင်ကျောင်းတစ်ကျောင်း မီးလောင်ခံရပြီး လူဦးရေစုစုပေါင်း ၂၉၅ဦး အိုးမဲ့အိမ်မဲ့ဖြစ်ကာ ငွေကျပ် ၇၀၀၀၀၀ ဖိုးခန့် ဆုံးရှုံးခဲ့သည်။

ဇန်နဝါရီ ၂၅ ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်ခန့်တွင် ပဲခူးတိုင်း ပဲခူးမြို့ ဥသာမြို့သစ် ရပ်ကွက်ကြီး(၈) နယ်မြေ(၃) ရွှေဂူကြီးဘုရားလမ်းနေ ဒေါ်ရွှေမြတ်၏အိမ်တွင် ဝက်စာချက်ရာမှ မီးလောင်မှုဖြစ်ပွားခဲ့သည်။ မီးလောင်မှုကြောင့် အိမ်တစ်လုံးမီးလောင်ခံရပြီး ငွေကျပ် ၈၀၀၀၀ ဖိုးခန့် ဆုံးရှုံးခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)



## ဆက်ကပ်လှူဒါန်း

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧကဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ဦးလေးမောင် (၅)နှစ်ပြည့်အားရည်စူး၍ ရန်ကုန်တိုင်း ရန်ကင်းမြို့နယ်နေ ဇနီးဒေါ်ရင်မြင့် သမီးမအေးစံပယ်၊ မယုဇနေ မိသားစုက အလှူတော်ငွေကျပ် ၂၅၀၀၀၀ ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်သီလက္ခန္ဓ(ဗုဒ္ဓဂယာ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)



ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာ တိုက်သစ်အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတုစိန်တိုး ကျောင်းဆောင်တော်ကြီးအတွက် ဣန္ဒြေတံကုမ္ပဏီ မိသားတို့က အလှူငွေကျပ် ၁၅သိန်းကို ကျောင်းဆောင် ဖြစ်မြောက်ရေးအဖွဲ့ဝင် ဗိုလ်မှူးကြီးဘုန်းမြင့်(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

## ထူးခြားသည့် ညအပူချိန်များ

၂၇–၁–၂၀၀၇

| | |
|---|---|
| လားရှိုး | ၀ ဒီဂရီစင်တီဂရိတ် |
| ဟားခါးနှင့်အမ်း | ၂ ဒီဂရီစင်တီဂရိတ် |
| ဟဲဟိုး | ၃ ဒီဂရီစင်တီဂရိတ် |
| ရန်ကုန် | ၁၉ ဒီဂရီစင်တီဂရိတ် |



ရန်ကုန်မြို့ ဗိုလ်ချုပ်လမ်းနေ ပထမဘောင်းဘီဝိဇ္ဇာခေါ် ဒေါ်ထွေး၏ အသက်(၈၃)နှစ်ပြည့် မွေးနေ့အလှူအဖြစ် ဇန်နဝါရီ ၂၀ ရက်က ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် (၃၄)လမ်း အမှတ်(၁၂၀)တွင် တည်ရှိသော မွန်မြတ်ကရုဏာ နာရေးကူညီမှုအသင်းသို့ ငွေကျပ်တစ်သိန်း လှူဒါန်းရာ အသင်းဥက္ကဋ္ဌဦးရဲမြင့် လက်ခံရယူစဉ်။ (၃၁)

# အင်တာနက် အားကစားသတင်းများ

## ရှက်ဖီးလ်အသင်းသို့ အီဂျစ်ဘောလုံးသမားရောက်ရှိ

**ကိုင်ရို ဇန်နဝါရီ ၂၆**

အီဂျစ်လူမျိုး တောင်ပံဘောလုံးသမား အာမက်ဖာတီသည် အင်္ဂလန် ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲဝင် ရှက်ဖီးလ်ယူနိုက်တက် အသင်းတွင် ပါဝင်ကစားရန် သုံးနှစ်ခွဲ သက်တမ်းရှိ ကန်ထရိုက်စာချုပ်ကို လက်မှတ်ရေးထိုးလိုက်ကြောင်း ယနေ့ အင်တာနက် သတင်းတွင်ဖော်ပြသည်။

အသက်၂၂နှစ်အရွယ်ရှိ လက်ရွေးစင်ဘောလုံးသမားတစ်ဦးလည်းဖြစ်သူ အာမက်ဖာတီသည် အီဂျစ်အစ္စမေးလီကလပ်အသင်းမှ အသင်းပြောင်းရွှေ့ကြေး ပေါင်ငွေ ၇၀၀၀၀၀ဖြင့် ပြောင်းရွှေ့လာသူဖြစ်သည်။

**အင်တာနက်။**



### ပလာတီနီ

**ယူအီးအက်ဖ်အေဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခံရသူ မစ်ချဲလ်ပလာတီနီ။**

(ဓာတ်ပုံ–အင်တာနက်)

## ပြင်သစ်လက်ရွေးစင်ဟောင်းပလာတီနီ ယူအီးအက်ဖ်အေဥက္ကဋ္ဌအဖြစ်ရွေးချယ်ခံရ

**ဒပ်ဆယ်လ်ဒေါ့ဖ်(ဂျာမနီ) ဇန်နဝါရီ ၂၆**

ပြင်သစ်လူမျိုးနာမည်ကျော် လက်ရွေးစင် ဘောလုံးသမားဟောင်း မစ်ချဲလ်ပလာတီနီသည် ဥရောပဘောလုံးအဖွဲ့ချုပ်(ယူအီးအက်ဖ်အေ) ဥက္ကဋ္ဌသစ်အဖြစ် ရွေးချယ် ခံရကြောင်း ယနေ့အင်တာနက်သတင်းတွင် ဖော်ပြသည်။

**ယှဉ်ပြိုင်အရွေးခံ**

ယူအီးအက်ဖ်အေ ဥက္ကဋ္ဌရာထူးနေရာအတွက် ပလာတီနီနှင့် လက်ရှိဥက္ကဋ္ဌ လန်းနတ်ဂျိုဟာန်ဆင်တို့ အကြိတ်အနယ် ယှဉ်ပြိုင်အရွေးခံခဲ့ကြသည်။ ဂျိုဟာန်ဆင်သည် အဆိုပါရာထူးတွင် သက်တမ်းလေးဆက်တာဝန်ထမ်းဆောင် ခဲ့ပြီးသူဖြစ်သည်။

ဂျာမနီနိုင်ငံ အနောက်ပိုင်းဒပ်ဆယ်လ်ဒေါ့ဖ်မြို့တွင် ကျင်းပသည့် ယူအီးအက်ဖ်အေညီလာခံတွင် မဲပေးရွေးချယ်ခဲ့ကြခြင်းဖြစ်သည်။

ပလာတီနီသည် ၁၉၇၂ခုနှစ်မှ ၁၉၈၇ခုနှစ်အထိ အေအက်စ်နန်စီအသင်း၊ စိန့်အီတိန်းအသင်းနှင့် ဂျူဗင်းတပ်စ်အသင်းတို့တွင် ပါဝင်ကစားခဲ့ပြီး ၁၉၇၆ ခုနှစ်မှ ၁၉၈၇ခုနှစ်အထိ ပြင်သစ်လက်ရွေးစင်အသင်းတွင် ပါဝင်ခဲ့သည်။

**အင်တာနက်။**

## သြစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲ
## ဆီရီနာဝီလျံ ဗိုလ်စွဲ

**မဲလ်ဘုန်း ဇန်နဝါရီ ၂၇**

သြစတြေးလျအိုးပင်း တင်းနစ်ပြိုင်ပွဲ၏ အမျိုးသမီးတစ်ဦးချင်း တင်းနစ်ဗိုလ်လုပွဲကို သြစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့တွင် ယနေ့ကျင်းပရာ အမေရိကန် တင်းနစ်မယ် ဆီရီနာဝီလျံက ကမ္ဘာ့ထိပ်သီးတင်းနစ်မယ် ရုရှားလူမျိုး မာရီယာရှာရာပိုဗာအား ၆–၁၊ ၆–၂ ဖြင့် အပြတ်အသတ်အနိုင်ရရှိကာ ချန်ပီယံ ဆုဖလားကို ရရှိလိုက်သည်။

**ချီးကျူးပြောဆို**

ဆီရီနာဝီလျံသည် သြစတြေးလျအိုးပင်း ချန်ပီယံဆုဖလားရရှိခြင်းမှာ တတိယအကြိမ်ဖြစ်သည်။ ဆီရီနာဝီလျံသည် ထိခိုက်ဒဏ်ရာရရှိခဲ့ခြင်းကြောင့် တင်းနစ်လောကတွင် အဆင့် ၈၁ အထိ ကျဆင်းခဲ့ရပြီးနောက် ယခုပြိုင်ပွဲတွင် အနိုင်ရရှိခြင်းဖြင့် အဆင့် ၁၄ အထိ ပြန်တက်လာနိုင်သည်။

နောက်ဆုံးဗိုလ်လုပွဲတွင် ဆီရီနာဝီလျံ အနိုင်ရရှိရန် ၆၃ မိနစ်ကြာမျှ ကစားခဲ့သည်။ သူမ၏ ကစားပုံမှာ အပြစ်အနာမရှိကြောင်း ပြိုင်ပွဲအပြီးတွင် ရှာရာပိုဗာက ချီးကျူးပြောဆိုခဲ့သည်။ ***အင်တာနက်။***



သြစတြေးလျအိုးပင်း အမျိုးသမီးတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲတွင် ဗိုလ်စွဲသူ ဆီရီနာဝီလျံအား ဆုဖလားနှင့်အတူတွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

## တောင်အာဖရိကအသင်းကို ပရဲယား တာဝန်ယူမည်

**ဂျိုဟန်နက်စဘတ် ဇန်နဝါရီ ၂၇**

ဘရာဇီးလက်ရွေးစင်အသင်း၏ နည်းပြဟောင်း ကာလို့စ်အယ်လ်ဘာတို ပရဲယားသည် တောင်အာဖရိကနိုင်ငံ ဂျိုဟန်နက်စဘတ်မြို့သို့ သောကြာနေ့တွင် ရောက်ရှိလာသည်။ ၎င်းသည် ၂၀၁၀ ပြည့်နှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ကျင်းပချိန်အထိ တောင်အာဖရိကလက်ရွေးစင်အသင်း၏ နည်းပြအဖြစ် တာဝန်ယူမည်ဖြစ်ကြောင်း အင်တာနက်သတင်း၌ဖော်ပြသည်။

၂၀၁၀ပြည့်နှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို တောင်အာဖရိကနိုင်ငံတွင် ကျင်းပမည်ဖြစ်ပြီး ယင်းနိုင်ငံ၏လက်ရွေးစင်အသင်း အရည်အသွေးတိုးတက်ကောင်းမွန်လာစေရေးအတွက် ပရဲယားကလေ့ကျင့်ပေးမည်ဖြစ်သည်။

၂၀၀၈ခုနှစ် အာဖရိကဖလား ဘောလုံးပြိုင်ပွဲအတွက် လာမည့်မတ်လတွင် ချက်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည့်ခြေစစ်ပွဲသည် ပရဲယား၏ ပထမဆုံးအကြိမ် စမ်းသပ်မှုတစ်ရပ်ဖြစ်လိမ့်မည်ဖြစ်ကြောင်း သတင်းများတွင်ဖော်ပြသည်။

ပရဲယားသည် တောင်အာဖရိကအသင်း၏ နည်းပြအဖြစ် တစ်လလျှင် လုပ်ခလစာ အမေရိကန်ဒေါ်လာ ၂၅၄၀၀၀ရရှိမည်ဖြစ်သည်။ ***အင်တာနက်။***

**ချယ်လ်ဆီးအသင်းမှ တိုက်စစ်မှူး ဒရော့ဘာ (ယာ)နှင့် အသင်းဖော် ရှက်ချင်ကို (ဝဲ)တို့အား တွေ့ရစဉ်။** (ဓာတ်ပုံ–အင်တာနက်)



## တိုက်စစ်အတွဲမိရေး အလေးပေးရန် ရှက်ချင်ကိုအား ဒရော့ဘာ တိုက်တွန်း

**လန်ဒန် ဇန်နဝါရီ ၂၇**

တိုက်စစ်မှူး အင်ဒရီရှက်ချင်ကိုသည် မိမိနှင့်အတူ ကစားရာတွင် တိုက်စစ်အတွဲမိရေး အတွက်သာလျှင် ပိုမိုအာရုံစိုက်သင့်ပြီး ၎င်းတစ်ဦးတည်း ဂိုးသွင်းနိုင်ရေးကို အလေးမထားသင့်ကြောင်း ချယ်လ်ဆီးအသင်း၏ တိုက်စစ်မှူး ဒစ်ဒီယာဒရော့ဘာက ယနေ့ ပြောကြားလိုက်သည်။

ဒရော့ဘာသည် ယခုနှစ်အတွင်း ၂၁ ဂိုး သွင်းယူနိုင်ခဲ့ပြီး ယူကရိန်းလူမျိုး ရှက်ချင်ကိုမှာမူ ရှစ်ဂိုးသာ သွင်းယူနိုင်ခဲ့သည်။

မိမိတို့သည် တိုက်စစ်ဆင် ကစားရာတွင် တစ်ဦးနှင့်တစ်ဦး ပူးပေါင်းဆောင်ရွက်သင့်ပြီး အတွဲညီညီ လှုပ်ရှားသင့်ကြောင်း၊ တစ်ဦးတည်းက ဂိုးများများသွင်းနိုင်ရေးထက် အသင်းလိုက် ထိုးဖောက်မှုစွမ်းရည် မြင့်မားစေရန် ပိုမိုအာရုံစိုက်သင့်ကြောင်း ဒရော့ဘာက ပြောကြားသည်။

***အင်တာနက်။***

## ဝက်စ်ဟမ်းအသင်းမှ လီဘောင်ယာ ဘောလုံးပြန်လည်ကစားနိုင်တော့မည်

**လန်ဒန် ဇန်နဝါရီ ၂၇**

ဝက်စ်ဟမ်းယူနိုက်တက်အသင်း၏ ကွင်းလယ်ကစားသမား လီဘောင်ယာသည် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီးနောက် ပြန်လည်နာလန်ထူလာပြီဖြစ်ရာ ဖေဖော်ဝါရီလမကုန်မီတွင် ဘောလုံးကစားနိုင်မည်ဖြစ်ကြောင်း ယနေ့အင်တာနက် သတင်းတွင် ဖော်ပြသည်။

အသက် (၂၉)နှစ်အရွယ်ရှိ လီဘောင်ယာသည် နှစ်သစ်ကူးနေ့က ရီးဒင်းအသင်းနှင့် ယှဉ်ပြိုင်ကစားသည့်ပွဲတွင် ပခုံးအဆစ်လွဲသည့်ဝေဒနာကို ရရှိခဲ့သည်။ ယင်းပွဲတွင် ဝက်စ်ဟမ်းအသင်းက ရီးဒင်အသင်းကို ခြောက်ဂိုး–ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။ ***အင်တာနက်။***

# (၅၉)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲတွင် တိပိဋကဓရ သာသနာ့အာဇာနည်အရှင်မြတ် အရှင်အဘိဇာတာဘိဝံသ ပေါ်ထွန်းလာ

**(၅၉)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ**

တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲကြီးကို ၁၃၁၀ ပြည့်နှစ်၊ ခရစ်နှစ် ၁၉၄၈ ခုနှစ်မှစ၍ ကျင်းပခဲ့ရာ (၅၉)နှစ်တာကာလအတွင်း တိပိဋကဓရ တိပိဋကကောဝိဒ (ပိဋကတ်သုံးပုံ) အာဂုံနှင့် ရေးဖြေအောင် သာသနာ့အာဇာနည် အရှင်မြတ် ၁၁ပါး၊ တိပိဋကဓရ (ပိဋကတ်သုံးပုံ) အာဂုံဆောင် သာသနာ့အာဇာနည် အရှင်မြတ်သုံးပါး ပေါ်ထွန်းခဲ့ပါသည်။

(၅၉)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲကြီး အာဂုံပြန်ဆိုပွဲကို ၂၄–၁၂–၂၀၀၆ရက်မှ ၁၆–၁–၂၀၀၇ရက်အထိ ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏ လိုဏ်ဂူတော်ကြီး၌ ကျင်းပခဲ့ရာ စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့ မဟာသုဗောဓာရုံ ကျောင်းတိုက်မှ အရှင်အဘိဇာတာဘိဝံသသည် အဘိဓမ္မာ(ဒုတိယပိုင်း) နှစ်ကျမ်းကို အာဂုံပြန်ဆို အောင်မြင်တော်မူခဲ့သဖြင့် တိပိဋကဓရ သာသနာ့အာဇာနည် အရှင်မြတ်တစ်ပါး ထပ်မံပေါ်ထွန်းလာခဲ့ပါသည်။

**ဖွားမြင်တော်မူခြင်း**

အရှင်အဘိဇာတာဘိဝံသသည် စစ်ကိုင်းတိုင်း ဝက်လက်မြို့နယ် ဆင်နင်းကျေးရွာ ခမည်းတော် ဦးတင်ရ၊ မယ်တော် ဒေါ်ညွန့်ခင်တို့မှ ၁၃၃၀ ပြည့်နှစ် သီတင်းကျွတ်လဆန်း ၈ ရက် (တနင်္ဂနွေနေ့)တွင် ဖွားမြင်သော သားရတနာ ဖြစ်ပါသည်။

**ရှင်ရဟန်းပြုတော်မူခြင်း**

၁၃၄၁ ခုနှစ် နတ်တော်လဆန်း ၁၁ရက်တွင် ဆင်နင်းရွာ ဇမ္ဗူမင်္ဂလာရွှေရပ်သာကျောင်း ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။ ထိုမှတစ်ဖန် စစ်ကိုင်းမြို့ မဟာသုဗောဓာရုံကျောင်းတိုက်တွင် ပညာရင်နို့ သောက်စို့ရန် ရောက်ရှိခဲ့ပြီး ဆရာတော်သည် သာမဏေဘဝဖြင့်ပင် သာသနာလင်္ကာရ သာမဏေကျော်ဘွဲ့နှင့် သာသနဓဇဓမ္မာစရိယဘွဲ့တို့ကို အောင်မြင်ခဲ့ပါသည်။

၁၃၄၉ ခုနှစ် ပြာသိုလပြည့်ကျော် ၁ ရက်၊ တနင်္လာနေ့ (လွတ်လပ်ရေးနေ့)တွင် စစ်ကိုင်းမြို့ မဟာသုဗောဓာရုံကျောင်းတိုက် (အဘိဓဇ မဟာရဋ္ဌဂုရု) ပဓာနနာယက ဆရာတော်ကို ဥပဇ္ဈာယ်ပြုလျက် ဝက်လက်မြို့ ကြံ့ခိုင်ရပ် ဦးသန်းထွန်း–ဒေါ်ဟန်ညွှန့်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

စစ်ကိုင်းတောင် သာသနပါလချောင် ဆရာကြီး ဒေါ်သန္တာစာရီ (အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ)နှင့် ညီမများ၊ ဝက်လက်မြို့ ကြံ့ခိုင်ရပ် ဦးရှည်–ဒေါ်ကြည်မော်မိသားစု၊ မန္တလေးမြို့ ၄၂ လမ်း ဦးတင်မောင်လှ ညီမ ဒေါ်ခင်မေသန်း၊ ဝက်လက်မြို့နယ် ဆင်နင်းရွာ ဦးတင်လှ–ဒေါ်တင်ဆွေမိသားစု၊ ဦးစိန်ဝင်း–ဒေါ်ဆန်းဦးမိသားစု၊ ဖားကန့်မြို့ ဆိုင်တောင်းရွာ ကိုကြည်–မစန္ဒာမိသားစု၊ ရန်ကုန်မြို့ မင်းကွန်းတောရမင်္ဂလာတိုက် ဒေါ်ဝိလာသီ၊ စစ်ကိုင်းမြို့ မဟာသုဗောဓာရုံ ကျောင်းတိုက် ပဓာနနာယက ဆရာတော်၊ စစ်ကိုင်းမြို့၊ ရိုင်တန်းရပ် ဒေါ်သန်းသန်း(သား) ဦးအောင်မြင့်ဦး–ဒေါ်မိမိကျောင်း၊ ဦးအောင်မြင့်ခိုင် (မြေး)မထက်ဝေခိုင်၊ မရည်မွန်ခိုင်မိသားစု၊ ရန်ကုန်တိုင်း ရွှေဂုံတိုင် ဗဟန်းမြို့နယ် ဦးအောင်ကြည်–ဒေါ်မြကြည်မိသားစု၊ ဝက်လက်မြို့နယ် ဘုရားလေးကုန်းရွာ မောင်ခင်မောင်စိုး–မခင်စန်းနွယ်မိသားစု၊ ဝက်လက်မြို့နယ် ဆင်နင်းကျေးရွာ ဦးစိုးရွှေ–ဒေါ်အေးအေးဆွေမိသားစုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် သိမ်ထပ် မင်္ဂလာခံယူခဲ့ပါသည်။



**ပရိယတ္တိစာပေသင်ယူဆည်းပူးခြင်း**

ဝက်လက်မြို့နယ် ဆင်နင်းရွာ ရွှေရပ်သာ ဆရာတော်၊ စစ်ကိုင်းမြို့၊ မဟာသုဗောဓာရုံ ကျောင်းတိုက် (အဘိဓဇမဟာရဋ္ဌဂုရု) ပဓာန နာယကဆရာတော် (အဂ္ဂမဟာပဏ္ဍိတ) တိုက်အုပ်ဆရာတော်၊ မတ္တရာမြို့ သာသနဇောတာရုံကျောင်းတိုက် နာယကဆရာတော်၊ သုဗောဓက၊ ဂဏဝါစကများဖြစ်ကြသော အရှင်အဓိဝါသ၊ အရှင်ဓိနောရသ၊ အရှင်ပိဏ္ဍောလာဘိဝံသ၊ ဦးလေးတော်ဖြစ်သော နောင်ချိုမြို့၊ ကထိပင်ကျောင်း ဆရာတော် အရှင်ဥတ္တမ၊ နောင်တော်ဖြစ်သော မန္တလေးမြို့၊ မဟာဝိသုဒ္ဓါရုံတိုက်သစ် စည်ရှင်ကျောင်း အရှင်မာနိတာလင်္ကာရာဘိဝံသ၊ မန္တလေးမြို့ ဗန်းမော်ဆရာတော် စသည်တို့ထံ၌ ပရိယတ္တိစာပေများကို လေ့လာသင်ယူခဲ့ပါသည်။

**အောင်မြင်ခဲ့သောစာမေးပွဲများ**

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကျင်းပသော ပထမငယ်၊ ပထမလတ်၊ ပထမကြီးတန်းနှင့် သာသနဓဇ သိရီပဝရ ဓမ္မာစရိယ၊ ဝိနယပါဠိပါရဂူဘွဲ့၊ ဒီဃနိကာယ ပါဠိပါရဂူဘွဲ့၊ သကျသီဟ သာမဏေကျော်ဘွဲ့၊ သုဗောဓက ဓမ္မာစရိယဘွဲ့၊ သဒ္ဓမ္မပါလဓမ္မာစရိယဘွဲ့၊ စေတိယင်္ဂဏ ဓမ္မာစရိယဘွဲ့၊ သုသမာစာရ ပိဋကတ္တယ အဂ္ဂဝိသိဋ္ဌကောဝိဒ ဓမ္မာစရိယဘွဲ့၊ ပရိယတ္တိ သာသနဟိတ ဓမ္မာစရိယဘွဲ့တို့ကိုလည်းကောင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသော တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီး၌ ၁၃၅၇ခုနှစ် (၄၈)ကြိမ်တွင် (ဥဘတောဝိဘင်္ဂဓရဘွဲ့)၊ ၁၃၅၈ ခုနှစ်(၄၉)ကြိမ်တွင် (ဥဘတောဝိဘင်္ဂကောဝိဒဘွဲ့)၊ ၁၃၅၉ခုနှစ်(၅၀)ကြိမ်မြောက်တွင်(ဝိနယဓရဘွဲ့)နှင့် (ဝိနယကောဝိဒဘွဲ့)၊ ၁၃၆၀ပြည့်နှစ် (၅၁)ကြိမ်မြောက်တွင် (ဒီဃဘာဏကဘွဲ့)၊ ၁၃၆၁ခုနှစ် (၅၂)ကြိမ်တွင် (ဒီဃနိကာယကောဝိဒဘွဲ့)၊ ၁၃၆၂ခုနှစ် (၅၃)ကြိမ်တွင် (မူလအဘိဓမ္မိကဘွဲ့)၊ ၁၃၆၅ခုနှစ် (၅၆)ကြိမ်တွင် (မူလအဘိဓမ္မကောဝိဒဘွဲ့)တို့ကို ရရှိတော်မူခဲ့ပြီး ၁၃၆၈ ခုနှစ်တွင် ကျင်းပသော (၅၉)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီး၌ အဘိဓမ္မပိဋက၊ အဘိဓမ္မာ ဒုတိယပိုင်း နှစ်ကျမ်းကို အာဂုံပြန်ဆို အောင်မြင်တော်မူသဖြင့် "အဘိဓမ္မိကဘွဲ့နှင့် တိပိဋကဓရဘွဲ့" တံဆိပ်တော်ကို ရရှိတော်မူခဲ့ပါသည်။

ယခုအခါ သာသနာ့အာဇာနည် အရှင်အဘိဇာတာဘိဝံသသည် အဘိဓမ္မပိဋက အဘိဓမ္မာ ဒုတိယပိုင်း သဘောရေးဖြေပွဲကို ဖြေဆိုနိုင်ရေး အတွက် စစ်ကိုင်းမြို့ မဟာသုဗောဓာရုံကျောင်းတိုက်၌ သီတင်းသုံးလျက် ပရိယတ္တိသာသနာ့တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်တော်မူလျက်ရှိသည်။

## သဲအင်းဂူ ခုနစ်ရက် တရားစခန်းဖွင့်မည်

**ရန်ကုန် ဇန်နဝါရီ ၂၇**

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် အမှတ် (၄)ဝိုင်း ဓမ္မရောင်ခြည် သဲအင်းဂူ ကမ္မဋ္ဌာန်းကျောင်းတွင် ကျေးဇူးတော်ရှင် မူလသဲအင်းဂူ ဆရာတော်ကြီး၏ တပည့်ဖြစ်သော အရှင်ပဏ္ဍာဝံသ(မိဂလုံ) ဆရာတော်က ခန္ဓာကိုယ်တွေ့ သမထ ဝိပဿနာ တရားတော်များကို ဖေဖော်ဝါရီ ၁ ရက်မှ ၇ ရက်အထိ အဓိဋ္ဌာန် ခုနစ်ရက် တရားစခန်း ဖွင့်လှစ်မည်ဖြစ်သည်။

တရားစခန်း ဝင်သူများအား အကျိုးတော်ဆောင် အဖွဲ့က အာဟာရဒါန ကျွေးမွေးလှူဒါန်းမည်ဖြစ်ပါ၍ တရားစခန်းဝင်လိုသူများ ဇန်နဝါရီ ၃၁ ရက် ညနေအရောက် ကြွရောက်ကြရန် နိုးဆော်ထားသည်။

(က–ပ)





**ဆန္ဒအောင်** ဖေဖော်ဝါရီလတွင် ပြောင်းရွှေ့သင်ကြားမည့်

| | | | |
|---|---|---|---|
| **IELTS** သင်တန်းများ | Intensive I | Mon-Fri | 9-11 am |
| | Intensive II | Mon-Fri | 3-5 pm |
| | Regular - A | Sat, Sun | 2:30-5pm |

ဗိုလ်ရာညွှန့်လမ်း၊ ၉၇/၂ ယောမင်းကြီးရပ်ကွက်၊ ဒဂုံမြို့နယ်။ ဖုန်း – ၃၈၇၃၉၃၀၉ ၅၀၀၀၅၄




**မင်္ဂလာဒုံမြို့နယ် စတုတ္ထအကြိမ်မြောက် မလွန်ဆန်လှူ ရေစက်ချမွေ့သဘင်ကို ဇန်နဝါရီ ၂၅ရက်က ကျင်းပရာ သဒ္ဓမ္မဇောတိကာ သိမ်တော်ကြီးနှင့် သင်္ဃမဟာဘွဲ့နှင်းသဘင်ခန်းမ ဆောင်ကြီးအတွက် အလှူရှင်များ စုပေါင်းလှူဒါန်းသော ငွေကျပ် သိန်း ၁၀၀ နှင့် သီတဂူဆရာတော် အရှင်ဉာဏိဿရထံ အလှူတော်ငွေကျပ် ၇၆ သိန်း ပေးအပ်လှူဒါန်းစဉ်။** (က–ပ)

## မြိုင်ဆရာတော်တရားပွဲ

**ရန်ကုန် ဇန်နဝါရီ ၂၇**

ဖြူးဆရာတော် ဘဒ္ဒန္တနရပတိ (ဓမ္မကထိက ဗဟုဇနဟိတဓရ)၏တပည့် မြိုင်ဆရာတော် အရှင်ပညာဇောတ (ဓမ္မာစရိယ၊ နယ်လှည့်ဓမ္မကထိက) အရှင်သူမြတ်သည် ဇန်နဝါရီ ၂၈ ရက်တွင် ပဲခူးမြို့ ဘုရားကြီးကျေးရွာ မဟာဝိဇယရုံသီ ဗုဒ္ဓပူဇနီယပွဲ ဓမ္မသဘင်၊ ၂၉ ရက်တွင် ပဲခူးတိုင်း ဖြူးမြို့ သာသနာ့ဗိမာန် စာပြန်ပွဲ ဓမ္မသဘင်၊ ၃၀ ရက်တွင် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဒက္ခိဏာရုံကျောင်းတိုက် ဓမ္မသဘင်၊ ၃၁ ရက်တွင် ပဲခူးတိုင်း ကျွဲပွဲမြို့ ဓမ္မသဘင်၊ ဖေဖော်ဝါရီ ၁ ရက်တွင် ပျဉ်းမနားမြို့ ရေဆင်းရွာ ဓမ္မသဘင်၊ ဖေဖော်ဝါရီ ၃ ရက်တွင် ရွှေပြည်သာမြို့နယ် ဝါးတစ်ရာ မလွန်ဆန်လှူပွဲ ဓမ္မသဘင်၊ ၄ ရက်တွင် ဒေါပုံမြို့နယ် ဓမ္မသဘင်၊ ၆ ရက်တွင် မန္တလေးတိုင်း မြင်ခြံမြို့ ရှင်ပြုအလှူတော် ဓမ္မသဘင်တို့၌ ည ၇ နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်သည်။

တရားပွဲ ပင့်လျှောက်သူများ ရန်ကုန်တိုင်း လှိုင်မြို့နယ် (၅)ရပ်ကွက် ဓမ္မရက္ခိတ ဖြူး မဟာစည်ရိပ်သာ ဖုန်း–၀၁–၅၃၀၀၆၈၊ ၅၀၁၈၄၆၊ (လိုင်းခွဲ–၁၈၁)တို့သို့ ပင့်လျှောက်နိုင်ကြောင်း သိရသည်။

(က–ပ)

## ပြည်နယ်/တိုင်း ဘောလုံးပွဲ စစ်ကိုင်းတိုင်း တတိယရရှိ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် မကွေးတိုင်း ဗိုလ်လုမည်

ရန်ကုန် ဇန်နဝါရီ ၂၇

**၂၀၀၇ခုနှစ်(၅၂)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်း အမျိုးသား(အလွတ်တန်း) ဘောလုံးပြိုင်ပွဲ တတိယနေရာလုပွဲ အဖြစ် စစ်ကိုင်းတိုင်းအသင်းနှင့် ရန်ကုန်တိုင်းအသင်းတို့သည် ယနေ့ ညနေ ၃ နာရီတွင် လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ ယှဉ်ပြိုင်ကစားကြရာ စစ်ကိုင်းတိုင်းအသင်းက လေးဂိုး–သုံးဂိုးဖြင့် အနိုင်ရရှိပြီး တတိယနေရာရရှိသွားသည်။**

**စစ်ကိုင်းတိုင်းအသင်း– လေးဂိုး**
(မြင့်ထွေး–နှစ်ဂိုး၊ စောဇင်ဦးနှင့် အောင်ဟိန်းကျော်တစ်ဂိုးစီ)

**ရန်ကုန်တိုင်းအသင်း– သုံးဂိုး**
(နမ်းဝေအောင်၊ ရဲလင်းဦးနှင့် မျိုးကျော်တစ်ဂိုးစီ)

**အကောင်းဆုံးဆု– မြင့်ထွေး (စစ်ကိုင်းတိုင်း)**

**ဒိုင်လူကြီး– ဦးဝင်းကျော်ဦး**

ဆီမီးဖိုင်နယ်ပွဲစဉ်တွင် ပိုင်နယ်တီ အဆုံးအဖြတ်ဖြင့် အရေးနိမ့်ပြီး ဗိုလ်လုပွဲနှင့် ဝေးခဲ့ရသော စစ်ကိုင်းတိုင်းအသင်းမှာ ယနေ့ပွဲတွင် ရန်ကုန်တိုင်းကို အနိုင်ယူပြီး တတိယနေရာ ရရှိသွားသည်။ နာမည်ကြီး ရန်ကုန်တိုင်းအသင်းမှာ ၇၅ မိနစ်ကျော်အထိ လေးဂိုးပြတ်ဖြင့် အရေးနိမ့်ပြီး ကျန် ၁၀ မိနစ်ကျော်တွင် ချေပဂိုး သုံးဂိုး ပြန်သွင်းနိုင်သော်လည်း နောက်ထပ်ချေပဂိုး တစ်ဂိုး ထပ်မံ မသွင်းနိုင်၍ တတိယနေရာပင် မရဘဲဖြစ်သွားသည်။

ပွဲအပြီးတွင် စစ်ကိုင်းတိုင်းအသင်း နည်းပြချုပ် ဦးကျော်လွင်က ယနေ့ပွဲတွင် အသင်းမှာ အကောင်းဆုံး ကစားနိုင်ခဲ့ကြောင်း၊ မိမိတို့အသင်းမှာ လေးဂိုးရပြီး သုံးဂိုး ပြန်ပေးလိုက်ရ၍ ပွဲ၏အရှိန် မြင့်တက်လာခဲ့ကြောင်း၊ ရန်ကုန်တိုင်း၏ ခြေစွမ်းမှာ ဒုတိယပိုင်းတွင် ပိုကောင်းလာပါကြောင်း၊ ဆီမီးဖိုင်နယ်တွင် ရှုံးခဲ့ရခြင်းမှာ နိုင်ချင်စိတ်များပြီး ရသည့်အခွင့်အရေးများကို အသုံးမချနိုင်ခဲ့၍ ဖြစ်ကြောင်း၊ တတိယဆု ရရှိခဲ့၍ ကျေနပ်ပါကြောင်း"ဖြင့် ပြောကြားသွားသည်။

**၂၉–၁–၂၀၀၇**
**ညနေ ၃ နာရီ**
**(ဗိုလ်လုပွဲ)**
**သုဝဏ္ဏကွင်း**
**ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် မကွေးတိုင်း** (ကြေးမုံ)



**ပြည်ထောင်စု ဒိုင်းကြီးကို အရ မယူနိုင်သော်လည်း တတိယဆုရရှိခဲ့၍ ကျေနပ်ပါကြောင်း" စစ်ကိုင်းတိုင်း အသင်း နည်းပြချုပ် ဦးကျော်လွင် ပြောကြားစဉ်။**
ဓာတ်ပုံ–စိုးညွန့်(ကြေးမုံ)

## တစ်ချက်တည်းဖြင့်ကျင်းဝင်

**ရန်ကုန် ဇန်နဝါရီ ၂၇**

ဦးမောင်မောင်ထွေး (i-Golf)သည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ဂေါက်ကွင်း ငွေသော်တာကွင်း၌ ၂၇–၁၁–၂၀၀၆ရက် နံနက် ၈နာရီ မိနစ် ၂၀က ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်(၁၆)၌ ၁၃၃ကိုက်အကွာမှ Nike Power Soft No-3 ဘောလုံးကို Tay Larmade Rac CGB No. 9 တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။

ထိုအချိန်၌ ကစားဖော်များဖြစ်ကြသော ဦးစစ်တိုင်းအောင်၊ ဦးစစ်မွေးအောင်၊ ဦးအောင်တိုးလွင်၊ ဦးမင်းလွင်တို့နှင့်အတူ ကစားခဲ့ကြောင်း သိရသည်။ (မြို့တော်ဂေါက်ကွင်း)

# ထမံသီရေလှောင်တမံနှင့် ရေအားလျှပ်စစ်ဘက်စုံစီမံကိန်းသည် တည်ဆောက်ဆဲရေအားလျှပ်စစ်စီမံကိန်းများအနက် လျှပ်စစ်ဓာတ်အား အများဆုံး ထုတ်လုပ်နိုင်မည့် နိုင်ငံတော်၏ အကြီးစားဘက်စုံစီမံကိန်းကြီးတစ်ခုဖြစ် ရေအားလျှပ်စစ်မဂ္ဂါဝပ် ၁၂၀၀ ထုတ်ယူရရှိပြီး လယ်မြေဧက ၁၀သိန်းကျော်ကို ရေပေးဝေနိုင်မည်

နေပြည်တော် ဇန်နဝါရီ ၂၇

**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ဇန်နဝါရီ ၂၆ရက် နံနက် ၈ နာရီတွင် နေပြည်တော်မှ စစ်ကိုင်းတိုင်း မုံရွာမြို့သို့ တပ်မတော်လေယာဉ်ဖြင့် ရောက်ရှိရာ မုံရွာလေဆိပ်၌ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်အုန်းနှင့် တိုင်းအဆင့် ဌာနဆိုင်ရာများက ကြိုဆိုကြသည်။**

**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ထမံသီရေလှောင်တမံနှင့် ရေအားလျှပ်စစ် ဘက်စုံစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နည်းပညာတက္ကသိုလ်(မုံရွာ) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးကြသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် တပ်မတော်လေယာဉ်ဖြင့် ဟုမ္မလင်းမြို့သို့ သွားရောက်ကြပြီး လေဆိပ်၌ ဟုမ္မလင်းခရိုင်နှင့် မြို့နယ်မှ ဌာနဆိုင်ရာတာဝန်ရှိသူများအား နှုတ်ဆက်၍ လုပ်ငန်းဆိုင်ရာများကို မေးမြန်းမှာကြားသည်။

ထို့နောက် ဟုမ္မလင်းမြို့ မြောက်ဘက်မိုင် ၃၀ခန့်အကွာ တဇုန်းကျေးရွာအနီး **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❍





## မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရေးအတွက် လုံခြုံရေးကောင်စီကို ခုတုံးလုပ်ရန် ကြိုးပမ်းလာသော အမေရိကန်နှင့် ဗြိတိန်တို့၏ မူမမှန်သော တစ်ဖက်စောင်းနင်းလုပ်ရပ်ကို Double Veto သုံး၍ ကန့်ကွက်ပယ်ချခြင်းနှင့် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ဝင် နိုင်ငံအားလုံးက ဆန့်ကျင်ကန့်ကွက်လိုက်ခြင်းသည် ကမ္ဘာ့နိုင်ငံအများစုကြီး၏ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို တန်ဖိုးထားလေးစားမှုနှင့် ဝိုင်းဝန်းထိန်းသိမ်း ကာကွယ်စောင့်ရှောက်မှုကို ပြဆိုနေ

နေပြည်တော် ဇန်နဝါရီ ၂၇

**မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ခြယ်လှယ်နိုင်ရေးအတွက် အမေရိကန်နှင့် ဗြိတိန်တို့ပူးပေါင်းပြီး ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၁၂ရက်တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ မြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက်မူကြမ်း တင်သွင်းခဲ့သော်လည်း လုံခြုံရေးကောင်စီ၌ ဗီတို Double Veto ဖြင့် ကန့်ကွက်ပယ်ချခဲ့သည်။**

ဗီတို Double Veto ဖြင့် ကန့်ကွက်ပယ်ချခဲ့သော လုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်နှစ်နိုင်ငံမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့ဖြစ်ကြပြီး တောင်အာဖရိကသမ္မတနိုင်ငံကလည်း ဆန့်ကျင်ကန့်ကွက်မဲ ပေးခဲ့သည်။ သုံးနိုင်ငံက ကြားနေမဲပေးခဲ့ပြီး ထောက်ခံမဲပေးခဲ့သောနိုင်ငံများမှာ အမေရိကန်နှင့် ဗြိတိန်အပါအဝင် ကိုးနိုင်ငံဖြစ်သည်။

ယင်းသို့ လုံခြုံရေးကောင်စီ၌ ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မဲခွဲသည့်အဆင့်တွင် လုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင် ငါးနိုင်ငံနှင့် အလှည့်ကျအဖွဲ့ဝင် ၁၀နိုင်ငံ စုစုပေါင်းနိုင်ငံ ၁၅နိုင်ငံသာ ထောက်ခံမဲ၊ ကန့်ကွက်မဲ၊ ကြားနေမဲပေးခွင့်ရှိပြီး အမြဲတမ်းအဖွဲ့ဝင်ငါးနိုင်ငံသာ ဗီတိုအာဏာသုံး၍ ပယ်ချခွင့်ရှိသည်။

သို့ရာတွင် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ခြယ်လှယ်နိုင်ရေးအတွက် လုံခြုံရေးကောင်စီသို့ ဆုံးဖြတ်ချက်မူကြမ်း ပူးပေါင်းတင်သွင်းခဲ့သော အမေရိကန်နှင့် ဗြိတိန်တို့၏ မူမမှန်သော တစ်ဖက်စောင်းနင်းလုပ်ရပ်ကို ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ကြီးကလည်း လုံးဝလက်မခံဘဲ ဇန်နဝါရီလ ၁၉ရက်နေ့တွင် ဆန့်ကျင်ကန့်ကွက်လိုက်ကြောင်း သိရသည်။

ဘက်မလိုက် လှုပ်ရှားမှုအဖွဲ့ကြီးသည် ကိုလိုနီနယ်ချဲ့တို့အား တွန်းလှန်ပြီး လွတ်လပ်ရေးရယူခဲ့ကြသော အာရှ၊ အာဖရိကနှင့် လက်တင်အမေရိကတို့မှနိုင်ငံများ ပူးပေါင်းဖွဲ့စည်းထားသည့် ကမ္ဘာလုံးဆိုင်ရာ အဖွဲ့ကြီးဖြစ်သည်။ ၁၉၅၅ခုနှစ်၌ မြန်မာနိုင်ငံအပါအဝင် နိုင်ငံငါးနိုင်ငံ ဦးဆောင်ကျင်းပခဲ့သော ဘန်ဒေါင်းညီလာခံမှ ချမှတ်ခဲ့သည့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး **စာမျက်နှာ ၆ ကော်လံ ၄ သို့** ❒

| နိုင်ငံရေးဦးတည်ချက်(၄)ရပ် | စီးပွားရေးဦးတည်ချက်(၄)ရပ် | လူမှုရေးဦးတည်ချက်(၄)ရပ် |
|---|---|---|
| ✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး<br>✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး<br>✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး<br>✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး | ✻ စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး<br>✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး<br>✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး<br>✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး | ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး<br>✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး<br>✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး<br>✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး |

**သာသာယာယာ**

**နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။**